http://www.dhammadownload.com

ပရိယတ္တိဘာရာမ
ရွေးတောင်ကုန်း
သာသနာရှိပ်သာ

ပရိယတ်တိဘာရာမ
ရွေးတောင်ကုန်းဆရာတော်ကြီး
သာသနာပိုင်ဖြစ်အောင်
ကြိုးစားပါ



http://www.dhammadownload.com



ပဏ္ဍိတာရုပ
ရွှေတောင်ကုန်း သာသနာ့ရိပ်သာ
ဆရာတော်ကြီး

http://www.dhammadownload.com

သာသနာပိုင် ဖြစ်ခြင်းအောင်
ကြိုးစားကြပါ

ပဏ္ဍိတာရာမ
ရွှေတောင်ကုန်းဆရာတော်

ဖြန့်ချိရေး
ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ
အမှတ်(၈၀/က)၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်။
ဖုန်း - ၁၃၅၄၈/၃၀၅၅၂၁

http://www.dhammadownload.com

အတွင်းခွင့်ပြုချက် • ၃၂၀၉၀၂၀၆၁၂
မျက်နှာဖုံးခွင့်ပြုချက် • ၃၂၀၀၆၈၀၂၀၇
ထုတ်ဝေသည့်အကြိမ် • ပထမအကြိမ်
၂၀၀၇ခုနှစ်၊ မတ်လ။
အုပ်ရေ • ၁၀၀၀
မျက်နှာဖုံးပန်းချီ • ကိုလင်းဝဏ္ဏ
စီစဉ်သူ • ဦးအောင်ကျော်ဆင့်
ထုတ်ဝေသူ • ဦးကျော်ဟင်း(ဝ၉၁၀)
ယုံကြည်ချက်စာပေ
အမှတ်(၁၁၁)၊ ၃၃-လမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
မျက်နှာဖုံးနှင့် • ဒေါ်ခင်အေးမြင့်
အတွင်းပုံနှိပ် • ရာပြည့်အော့ဖ်ဆက်
အမှတ်(၁၉၉)၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့။
တန်ဖိုး • ( ) ကျပ်

http://www.dhammadownload.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၁၃၆၄-ခု၊ တန်းဆောင်မုန်းလပြည့်ကျော် (၄)ရက်၊ (၂၃-၁၁-၂၀၀၂) စနေနေ့၊ ဒီကနေ့ညဘုန်းကြီးများ လွန်ခဲ့တဲ့ (၄)ရက်က စံလွန်တော်မူလေတဲ့ ရွှေဉမင် ဆရာတော်ဘုရားကြီး ဈာပနပွဲမှာ ဒီက အရှင်မြတ်များက ဘုန်းကြီးများကို တရားတစ်ည ဟောဖို့ ပန်ကြားလျှောက်ထားတာနဲ့ ဘုန်းကြီးက (၂၃)ရက်နေ့တော့ ဖြစ်ပါလိမ့်မယ်လို့ ကတိပေးလိုက်တာနဲ့မို့ တရားဟောဖို့ အခွင့်ရောက်လာပါတယ်။

http://www.dhammadownload.com

တရားဟောရမယ်ဆိုလို့ရှိရင်တော့ သုတ္တန် တစ်ခုခုကို ထုတ်ပြီးတော့ ဟောမှ သင့်မှာပါပဲ၊ ဒါပေမယ့်လို့ ဘုန်းကြီးများကတော့ ရွှေဥမင် ဆရာတော် ဘုရားကြီးနဲ့ အတူတူ တော်တော်လေး နှစ်ကြာကြာ မဟာစည်ဆရာတော်ဘုရားကြီးရဲ့ လက်အောက်မှာပင် ကမ္မဋ္ဌာန်းဆရာအဖြစ်နဲ့ နေခဲ့ပါတယ်၊ စပြီးတော့ တွေ့ဆုံတာလည်းပဲ အဲဒီ ကမ္မဋ္ဌာန်းဆရာ မလုပ်ခင်က စပြီး တွေ့တာပါပဲ။

ဘုန်းကြီးများက တစ်နှစ်စောပြီး မဟာစည် ဆရာတော်ကြီးထံ ရောက်ရှိပြီး တရားအားထုတ် ပါတယ်၊ ရွှေဥမင်ဆရာတော်ကြီးကတော့ နောက် တစ်နှစ် အားထုတ်ပါတယ်၊ ဘုန်းကြီးက တရား အားထုတ်ပြီး ဆရာသမားများက တာဝန်ပေးလာလို့ ကိုယ့်တိုက်တာကို ပြန်ပြီးတော့ စာပေပို့ချရေးကိစ္စတွေ တာဝန်ယူရတယ်၊ ရွှေဥမင်ဆရာတော်ဘုရားကြီး ကတော့ အဲဒီမှာ တရားအားထုတ်ပြီး မဟာစည် ဆရာတော်ဘုရားကြီး ကိုယ်တိုင်က ယုံကြည်စိတ်ချပြီး ကမ္မဋ္ဌာန်းဆရာအဖြစ်နဲ့ တာဝန်ပေးခံခဲ့ရပါတယ်။

ရွှေဥမင်ဆရာတော်ဘုရားကြီးကလည်း ကမ္မဋ္ဌာန်းဆရာအဖြစ်နဲ့ ရှိနေတုန်းအခါက ဘုန်းကြီးများ

http://www.dhammadownload.com

က မကြာခဏ ဘုန်းကြီးနေတဲ့ ကျောင်းတိုက်ကနေ မဟာစည်ဆရာတော်ထံ လာရောက်ပြီးတော့ မေးလျှောက်ချင်တဲ့ အချက်တွေကို မေးလျှောက်ခဲ့ပါတယ်၊ တရား နဲ့ အဆက်အသွယ်ကလည်း ရှိနေပြီးသား ဖြစ်နေတော့ တစ်လ တစ်ကြိမ်လောက် သို့မဟုတ် နှစ်လတစ်ကြိမ် လောက် ကြွရောက်လာပါတယ်။

အဲဒီက စပြီးတော့ ရွှေဥမင်ဆရာတော်နဲ့ စတွေ့ပြီး အချင်းချင်း ရင်းနှီးသွားပါတယ်၊ ဘုန်းကြီးကို အခြေအနေတွေ အကဲခတ်ပြီးတော့ ဆရာတော်က မဟာစည်သာသနာ့ရိပ်သာထဲမှာ ကမ္မဋ္ဌာန်းဆရာအဖြစ် နဲ့ ဆွဲသွင်းချင်လို့ လာပါ, သူတို့နဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပါ စသည်ဖြင့် တိုက်တွန်းပါတယ်။

စောစောကတော့ ဘုန်းကြီးက ကျောင်းတိုက်မှာ ဆရာသမားများက စာချဖို့ တာဝန်ပေးထားတော့ မူလ ဆရာသမားများကိုလည်း မခွဲနိုင်သေး၊ စာသင်သား များကိုလည်း ငဲ့ညှာထောက်ထားပြီး သူ့ဆန္ဒ မဖြည့်နိုင်ဘဲ ဖြစ်နေခဲ့ပါတယ်၊ နောက်တစ်နှစ်လောက် ကြာတဲ့ အခါကျမှ အကြောင်းအားလျော်စွာ ဒီကလည်း တရားလည်း နာချင်၊ သူကလည်း တိုက်တွန်း, တပည့်တော် အစမ်းသဘောမျိုးနဲ့

http://www.dhammadownload.com

လပိုင်းလောက်တော့ လာကြည့်ပါဦးမယ်လို့ လျှောက်လိုက်ပါတယ်။

ထပ်ပြီးတော့လည်းပဲ တရား အားထုတ်ချင်တာနဲ့ ဝါဆိုခါနီး တစ်လအလိုမှာ လွန်ခဲ့တဲ့ နှစ်ပေါင်း (၄၀) ကျော်လောက်က ဘုန်းကြီး ရောက်သွားပါတယ်၊ တစ်ဘက်ကလည်း တရားအားထုတ်, အခြားတစ်ဘက်က လည်းပဲ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးကို သူကဦးပဏ္ဍိကို သူလို ကမ္မဋ္ဌာန်းဆရာအဖြစ်နဲ့. တာဝန်ယူဖို့ရာ အတွက် လိုလားပါတယ်လို့. သွားလျှောက်တယ်၊ သွားလျှောက်တော့ ဆရာတော် ဘုရားကြီးကလည်း လွယ်လွယ်ပဲ၊ ဘုန်းကြီး အထူးစိစစ်မှုမျိုး လုပ်မနေတော့ဘူး၊ ဆရာတော်ဘုရားကြီးနဲ့လည်းပဲ မျက်နှာတန်းမိလျက်သား၊ ရင်နှီးပြီးသား ဖြစ်နေတော့ ကောင်းတာပေါ့ ဆိုပြီး ခွင့်ပြုလိုက်တော့ အဲဒီကစပြီး ဘုန်းကြီးလည်း ကမ္မဋ္ဌာန်းဆရာနယ်ထဲ ရောက်သွားပါတယ်၊ အဲဒီက စပြီး ကမ္မဋ္ဌာန်းနယ်ပယ်ထဲက မထွက်တော့ပါဘူး။

အဲဒီမှာ တဖြည်းဖြည်း ခင်မင်ရင်းနှီးသွားပါတယ်၊ ရွှေဥမင်ဆရာတော်အနေနဲ့ ဘုန်းကြီးအပေါ်ဝယ် အင်မတန်ချစ်ခင်တဲ့ အစ်ကိုကြီးတစ်ပါးအနေနဲ့လည်း ဘုန်းကြီးကို

http://www.dhammadownload.com

စောင့်ရှောက်ပါတယ်၊ တကယ့် သီတင်းသုံးဖော်ကောင်း တစ်ပါးအနေနဲ့လည်းပဲ ဘုန်းကြီးကိုစောင့်ရှောက်ပါတယ်။

ဘုန်းကြီးကို စောင့်ရှောက်လို့ ဘုန်းကြီးကလည်းပဲ အငယ်ပဲဆိုပြီး ကျန်းမာရေးကအစ ကိုယ်တတ်သမျှ မှတ်သမျှလေးနဲ့ သူကို တုံ့ပြန်ပြီး ကူညီပါတယ်၊ အဲဒီလိုနဲ့ပဲ နောင်တော်ညီတော် ရင်းနှီးပြီးတော့ သူက အရေးပေးပြီး သီတင်းသုံးဖော်ကောင်းတစ်ပါး ဖြစ်သွားဘာပေါ့လေ၊ အဲဒီက စပြီး နောက်ဆုံး စံလွန်တော်မူတဲ့အထိ မပြတ်လပ်ပါဘူး။

ကမ္မဋ္ဌာန်းဆရာအဖြစ်ကနေ စပြီးတော့ နောက်ဆုံး စံလွန်တော်မူခါနီး လပိုင်းအထိ ဘုန်းကြီးတို့က မကြာခဏ ဆုံတွေ့နေပါတယ်၊ အဲဒီနှစ်တွေမှာ ဘုန်းကြီးကို ကူညီခဲ့တဲ့ အရာတွေ အများကြီးပါပဲ၊ သူပြောတာ ဆိုတာလေးတွေလည်းပဲ မှတ်သား လိုက်နာစရာလေးတွေပါပဲ။

အဲဒီမှတ်သားစရာကောင်းတဲ့ အရာတွေထဲက ဘုန်းကြီးအသည်းနှလုံးထဲမှာ စွဲနေတဲ့ မှတ်သားစရာလေး တစ်ခုကို ဒီနေ့ ဦးတည်ပြီးတော့ ရွှေဥမင် ဆရာတော်ကြီးကို ကျေးဇူးဆပ်ရာလည်းရောက်၊ လာရောက် တရားနာကြားတဲ့ ပုဂ္ဂိုလ်များက ကိုယ့်ကိုယ်ကို စဉ်းစားပြီး

http://www.dhammadownload.com

တော့ အကျိုးရှိဖို့ရာလည်း ယူတတ် ကျင့်တတ်လို. ရှိရင် တန်ဖိုးတွေ အများကြီး ဖြစ်လာလိမ့်မယ်လို့ မျှော်လင့် ပါတယ်။

လွန်ခဲ့တဲ့ (၁၂)နှစ်လောက်က ဘုန်းကြီးများ ပဲခူး ကျောက်တန်း မဟာဗောဓိတောရ သွားပြီးတော့ အနား ယူခဲ့ပါတယ်၊ ဘုန်းကြီးသွားပြီး အနားယူကြောင်းကို နောက်ပိုင်း ရွှေဥမင်ဆရာတော်ဘုရားကြီး သိသွားတော့ ဒကာအနည်းငယ်နဲ့ ကားတစ်စင်းကို ခေါ်ပြီး မဟာ ဗောဓိတောရစခန်းကို လိုက်လာခဲ့ပါတယ်၊ လမ်းမှားပြီး ထုံးကြီးဘက် ရောက်သွားတယ်၊ ထုံးကြီးကနေပြီး မဟာ ဗောဓိတောရအထိ ခြေလျင်လာတာ သူ့.ကျန်းမာရေးနဲ့ သူ့အင်အားနဲ့ အမောခံပြီး လာရပါတယ်။

ဘုန်းကြီးတို့ ကျောက်တန်းဆိုတာလည်းပဲ အလှမ်းဝေးလှပါတယ်၊ အနည်းဆုံး (၃) နာရီလောက် တော့ ရှိမလား မသိဘူး၊ ယာတောစခန်းက ဖြတ်ပြီး လာရတာ၊ ဘုန်းကြီး အနားယူတဲ့ မဟာဗောဓိတောရ တိုက် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပါတယ်၊ ရောက်ပြီး မကြာခင်အတွင်းမှာပဲ ခရီးရောက်မဆိုက် ဘုန်းကြီး အသည်းထဲ နှလုံးထဲမှာ စွဲသွားတဲ့ စကားလုံးလေး တစ်လုံးကို အမိန့် ရှိပါတယ်။

http://www.dhammadownload.com

ဟိုးရှေးအခါက ထင်ရှားတဲ့ ဆရာတော်ကြီး တစ်ပါး ရှိပါတယ်တဲ့၊ အဲဒီဆရာတော်ကြီးထံ ချဉ်းကပ် လာတဲ့ ရဟန်းတွေကို ဆရာတော်ဘုရားကြီးက စကား လက်ဆောင်လေးတစ်ခု ပေးလေ့ရှိပါတယ်, ဆုံးမလေ့ ရှိပါတယ်တဲ့၊ ဆုံးမပုံကတော့ "မောင်ပဉ္ဇင်း၊ သာသနာ ပိုင် ဖြစ်အောင်လုပ်နော်၊ ကြိုးစားနော်"တဲ့၊ အဲဒီ စကားလေးကို ကြားလိုက်တော့ ဘုန်းကြီးစိတ်ထဲမှာ သပ်ကျေနပ်သွားတယ်။

အခုလည်းပဲ အဲဒီဆရာတော် ဘုရားကြီးထုံး နှလုံးမူပြီးတော့ အေးအေးဆေးဆေး လာရောက်ပြီး အချိန်ရတဲ့ အခိုက်အတန့်မှာ ကိုယ့်ကျိုးကိုယ့်စီးပွား အစစ်အမှန်ကို လာပြီးလုပ်တာ၊ သာသနာပိုင် ဖြစ်အောင် အရှင်ဘုရားက လုပ်နေတာပဲတဲ့၊ သာသနာပုံင လမ်းစဉ် ပဲတဲ့၊ သိပ်ကို ဝမ်းသာသွားတာပဲ၊ သိပ်လည်း ကျေးဇူး တင်တယ်။

အခြားအခြား နောင်တော်ကြီးအနေနဲ့, သီတင်း သုံးဖော်အနေနဲ့ ပြောဆိုတဲ့ စကားလေးတွေကို စွဲသလောက် စွဲပေမယ်လို့ အဲဒီအခါမှာ ရှေးရှေးက ထင်ရှားတဲ့ ဆရာတော်ကြီးတစ်ပါး မိမိထံ ချဉ်းကပ် လာကြတဲ့ ရဟန်းများကို ဆုံးမလေ့ရှိတဲ့ "မောင်ပဉ္ဇင်း၊

http://www.dhammadownload.com

သာသနာပိုင် ဖြစ်အောင် ကြိုးစားနော်” ဆိုတဲ့ စကား လေးက စပြီး ဆင့်ပွား မိန့်ကြားကာ ရှုပွားပုံကို ဦးပဏ္ဍိတ သာသနာပိုင် ဖြစ်အောင် ကြိုးစားနေတာပဲလို့ ဘုန်ကြီး ကို နှစ်သိမ့်သွားရတယ်၊ သိပ်အခွင့်သာတယ်၊ အခွင့် ကောင်းတယ်၊ အားပေးပါတယ်၊ အဲဒီ စကားတစ်လုံးကို လေးလေးနက်နက် အမိန့်ရှိသွားတာ နှလုံးထဲမှာ စွဲနေပါတယ်။

ဒီပြင်တော့ ဟိုတုန်းက ရှေးဟောင်းနှောင်း ဖြစ်တွေ ပြောပြီး ပြီးသွားပါတယ်၊ သို့သော် ဘုန်းကြီး စိတ်ထဲမှာ စွဲကျန်နေတာက အဲဒီစကားလေးတစ်ခုပဲ၊ အဲဒီတော့ ပရိသတ်တို့ စဉ်းစားကြည့်ပေါ့၊ “သာသနာပိုင် ဖြစ်အောင် ကြိုးစားကြနော်” ပထမ ဆရာတော်ကြီး ပြောတဲ့ စကားရယ်၊ “ဦးပဏ္ဍိ, သာသနာပိုင် ဖြစ်အောင် ကြိုးစားနေတာပဲ” ဆိုတဲ့ ရွှေဥမင်ဆရာတော် ဘုရားကြီး က ပြောတဲ့ စကားရယ်၊ သာမန်ဆိုရင် သာသနာပိုင် ဆိုတာ ဘုန်းကြီးတို့ မြန်မာပြည်မှာ ထင်ရှားတဲ့ ဂုဏ်းကြီး သုံးဂိုဏ်း ရှိပါတယ်၊

(၁) သုဓမ္မာဂိုဏ်း၊
(၂) ရွှေကျင်ဂိုဏ်း၊
(၃) ဒွါရဂိုဏ်း၊

http://www.dhammadownload.com

သုဓမ္မာဂိုဏ်းကို အုပ်ချုပ်တော်မူတဲ့ အကြီးအကဲ ဆရာတော်ကို သုဓမ္မာဂိုဏ်းဆိုင်ရာ သာသနာပိုင်လို့ ခေါ်ပါတယ်၊ ရွှေကျင်ဂိုဏ်းဆိုင်ရာကလည်းပဲ သာသနာပိုင်ဖြစ်နိုင်လောက်တဲ့ အရည်အချင်းပြည့်ဝတဲ့ ထေရ်ကြီးဝါကြီး တစ်ပါးကို အရံသာသနာပိုင်များနဲ့ အတူ သံဃာအစည်းအဝေးကြီးက သာသနာပိုင်အဖြစ် ခန့်တယ်၊ မြောက်တယ်၊ ဒွါရဝါဒီဂိုဏ်းကလည်း ထိုနည်းလည်းကောင်းပဲ၊ သူတို့ ဂိုဏ်းထဲက ထေရ်ကြီးဝါကြီး စာတတ် ပေတတ် သီလ သမာဓိ ပညာအကျင့်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တစ်ပါးကို ဒွါရဝါဒီသာသနာပိုင် ဥက္ကဋ္ဌ ခန့်လေ့ရှိပါတယ်။

သာမန်စဉ်းစားလို့ရှိရင် အဲဒီလို ဂိုဏ်းဆိုင်ရာ သာသနာပိုင်ဖြစ်အောင် ကြိုးစားလို့ အဓိပ္ပါယ် ကောက်ချင်လည်း ကောက်မှာပဲ၊ ဘုန်းကြီးက ချက်ချင်းတန်းပြီးတော့ အဓိပ္ပါယ်ကို သိလိုက်ပါတယ်၊ သာသနာပိုင်ဆိုတာ ခုနက မြန်မာပြည်မှာ ရှိတဲ့ ဂိုဏ်းကြီး သုံးဂိုဏ်းမှာ ဆိုင်ရာဆိုင်ရာ အကြီး ဥက္ကဋ္ဌ ဆရာတော်ကြီး ဖြစ်အောင် ကြိုးစားပါလို့ ဒီလိုအဓိပ္ပါယ် မကောက်ယူပါဘူး၊ ဘုန်းကြီးနဲ့ ဆိုင်တဲ့ တစ်ကိုယ်ရေ သာသနာ ပြည့်စုံအောင် ပိုင်အောင် လုပ်ပါလို့ ဒီလို အဓိပ္ပါယ်ကောက်လိုက်ပါတယ်။

http://www.dhammadownload.com

လွန်ခဲ့တဲ့ (၁၂)နှစ်ကျော်ကျော်လောက်က ကျောက်တန်း မဟာဗောဓိတောရမှာ ဘုန်းကြီးများ အနားယူစဉ်က အကျိုးစီးပွားလိုလားတဲ့ မေတ္တာအပြည့်အဝနဲ့ အမြော်အမြင်ကြီးစွာနဲ့ သတိပေးတဲ့ စကားလေးဟာ အခုထိ ဘုန်းကြီးနားထဲမှာ ရှင်သန်လျက် ရှိနေပါတယ်၊ ကြားသိယောင်လည်း ရှိနေပါတယ်။

အဲဒီ စကားလေးတစ်ခုကို ဘုန်းကြီးများ တစ်ကိုယ်ရေအတွက်ရော၊ အများအတွက်ရော အများကောင်းကျိုးပြု သာသနာ့ကိစ္စ ဆောင်ရွက်ရာမှာ အင်မတန် အရေးပါတဲ့ အားဆေးတစ်ခွက်လို့ ယူဆပါတယ်၊ “သာသနာပိုင် ဖြစ်အောင် ကြိုးစားပါ” ဆိုတာ ရဟန်းတော်များနဲ့သာ ဆိုင်သလား ဆိုတော့ ဘုန်းကြီးကတော့ ရဟန်းတော်များနဲ့သာ ဆိုင်တယ်လို့ မတွက်ပါဘူး၊ အကုန်လုံး ဒကာ ဒကာမတွေနဲ့လည်း ဆိုင်တာပါ။

မြန်မာပြည်ဖွား ဗုဒ္ဓသာသနာဝင် ဖြစ်ကြတဲ့ ပုဂ္ဂိုလ်များ၊ ကလေးက စပြီး လူအို သေခါနီးအထိ အကုန်လုံးသည် “သာသနာပိုင် ဖြစ်အောင် ကြိုးစားပါ” ဆိုတဲ့ စကားနဲ့ ဆိုင်နေတယ်လို့ ဘုန်းကြီး ဒီလို နားလည်ပါတယ်၊ ရွှေဥမင်ဆရာတော်ကြီး အမိန့်ရှိတဲ့ အဲဒီစကားလေးကို တစ်ဆင့် ရွှေဥမင်ဆရာတော်ကြီးကို

http://www.dhammadownload.com

အမှိပြုပြီး ကြည်ညိုအားကိုးကြတဲ့ ဒကာ ဒကာမတွေဟာ ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ် အခါတုန်းက ဘယ်နှစ်ခါလောက် "သာသနာပိုင် ဖြစ်အောင် ကြိုးစားကြပါ" လို့ မိန့်မှာဖူးသတုံး၊ မှတ်မိကြသလား၊ အဲသလို အမိန့် ရှိဖူးသလား၊ အဲသလို အသံရော ကြားဖူးသလား၊ အင်း မကြားဖူးသေးဘူး၊ နီးစပ်ရာ ပုဂ္ဂိုလ်တွေက ပြောကြစမ်းပါ၊ ဒီအဆိုအမိန့်ဟာ ရိုးရိုးလေးနဲ့ ဆန်းတာပါ။

ဘုန်းကြီးတို့ ရဟန်းတော်များသာ မဟုတ်ပါဘူး၊ လူတွေလည်းပဲ သာသနာပိုင် ဖြစ်ဖို့ သိပ်ပြီးတော့ အရေးကြီးပါတယ်၊ "သာသနာပိုင်" ဆိုတဲ့ စကားစုမှာ "သာသနာ"ဆိုတဲ့ ပါဠိသက် ပါဠိ မွေးစား စကားလုံးက တစ်ခု၊ "ပိုင်" ဆိုတဲ့ စကားက တစ်ခု ပေါင်းစပ် ထားပါတယ်၊ "သာသနာ" ဆိုတာကတော့ ဘုရားအဆုံး အမလို့ ကျင်းကျင်း မှတ်ဖို့ပါပဲ။

လူတွေမှာ လမ်းမှန်နှင့် လမ်းမှား (၂) မျိုးရှိတဲ့ အထဲက လမ်းမှားကို လျှောက်ပြီဆိုရင် ဘယ်ပုဂ္ဂိုလ် ဘယ်သူတော်ကောင်းမှ လမ်းမှား လျှောက်နေတယ် ဆိုတာ ကောင်းကောင်း မမြင်ပါဘူး၊ လမ်းမှန် လျှောက် နေတယ် ဆိုတာကိုလည်း ကောင်းကောင်း မမြင်ပါဘူး၊

http://www.dhammadownload.com

မြော်စွာဘုရား ဖော်ထုတ်ပေးလိုက်လို့သာ လမ်းမှန်နဲ့ လမ်းမှား သဲသဲကွဲကွဲ ခွဲခြားပြီးတော့ သိနားလည်ကြပါတယ်။

လမ်းမှားဆိုတာက ပြုမှား၊ ပြောမှား၊ စိတ်ထားမှားတွေ၊ အကုသိုလ်တရားတွေပေါ့၊ လမ်းမှန် ဆိုတာကတော့ အဲဒီရဲ့ ဆန့်ကျင်ဘက် ပြုမှန်၊ ပြောမှန်၊ စိတ်ထားမှန်တွေပေါ့၊ များသောအားဖြင့် ဆိုရင် ဘုရားမပွင့်ခင်ကနဲ့ ဘုရားပွင့်ခါစအထိကို သတ္တဝါတွေဟာ လမ်းမှားကိုပဲ လျှောက်သွားကြပါတယ်၊ လမ်းမှား လျှောက်ပြီး စခန်းမှား ရောက်ကြပါတယ်။

လမ်းမှား ဆိုတာကလည်း သတ်မှု ၊ ခိုးမှု ၊ မိစ္ဆာစာရကာမမှု၊ ကိုယ်နဲ့ စပ်တဲ့ ပြုမှားတွေ၊ လိမ်မှု၊ ရန်တိုက်မှု၊ ဆဲရေးတိုင်းထွာ ပြောဆိုမှု၊ အနှစ်မဲ့တဲ့ အဓိပ္ပါယ်မဲ့တဲ့ စကားတွေ အချိန်ကုန်ခံပြီး ပြောဆိုမှု ဆိုတဲ့ နှုတ်နဲ့ စပ်တဲ့ အမှားတွေ၊ စိတ်နဲ့ စပ်တဲ့ အမှားကတော့ သူတစ်ပါးပစ္စည်းကို အပိုင်စီးလိုမှု၊ သူတစ်ပါးကို ဖျက်ဆီးလိုမှု- သတ်ချင်မှု၊ ညှဉ်းဆဲလိုမှု၊ ကောင်းတာပြုလည်း ကောင်းကျိုးမရ၊ ဆိုးတာပြုလည်း ဆိုးကျိုးမရ၊ သေရင်ပြီးတာပဲ ပြတ်ပြီလို့ အယူအဆလွဲမှားမှု၊ အဲဒီလို အမှားလမ်းလိုက်နေတဲ့ ပုဂ္ဂိုလ်တွေဟာ

http://www.dhammadownload.com

ကိုယ်၊ နှုတ်၊ စိတ် သုံးမျိုးစလုံးကို ရစရာ မရှိအောင် အပြစ်တွေ ပွေတော့တာပါပဲ၊ လောဘအလို လိုက်ပြီးတော့ မှားကြတာတွေ၊ ဒေါသအလို လိုက်ပြီးတော့ မှားကြတာတွေ၊ မိုက်မဲမှု မောဟအလိုလိုက်ပြီး မှားကြတာတွေ မှားပြီဆိုရင် သူတို့ရဲ့ ကိုယ်၊ နှုတ်၊ စိတ်ထားဟာ အပြစ်အနာအဆာတွေ မကင်းကြတော့ ရိုင်းစိုင်းတယ်၊ ကြမ်းတမ်းတယ်၊ ပူလောင်တယ်၊ စက်ဆုပ်ဖွယ်ရာ ဖြစ်တယ်။

ဒါတွေကို မြတ်စွာဘုရား ကိုယ်တိုင် မြင်တော်မူခဲ့ပါတယ်၊ အဲဒီလို အပြစ်အနာအဆာ မကင်း၊ မသန့်မရှင်း၊ မယဉ်ကျေး၊ မနူးညံ့၊ ပူလောင် စက်ဆုပ်ဖွယ်ရာတွေ ဖြစ်တဲ့ အခြေအနေကနေ ပြောင်းပြန် ပြုလုပ်ချင်ရင်တော့ မြတ်စွာဘုရားက လမ်းမှား မလျှောက်ကြနဲ့၊ လမ်းမှား လျှောက်ရင် ဒုက္ခတွေ ရောက်တယ်၊ လမ်းမှန်က ဒါတွေ ဒါတွေပါပဲလို့ ညွှန်ကြားတော်မူခဲ့ပါတယ်၊ ကိုယ်နဲ့ နှုတ် မှန်အောင် ပြုပြင်ပေးတယ်၊ စိတ်နေ စိတ်ထားလည်း မြင့်မြတ်အောင် ပြုပြင်ပေးတယ်၊ အသိဉာဏ်တွေ အသိမှန်တွေလည်းပဲ အခြေခံကစပြီး အဆင့်ဆင့် အဆင့်ဆင့် ဖြစ်အောင်လို့ ဆုံးမပေးတယ်။

http://www.dhammadownload.com

သီလဆိုင်ရာအကျင့်၊ သမာဓိဆိုင်ရာအကျင့် ၊ ပညာဆိုင်ရာ အကျင့်တွေကို လမ်းညွှန်တယ်၊ လမ်းညွှန်တဲ့အတိုင်း ကျင့်သုံးကြတဲ့ ပုဂ္ဂိုလ်တွေဟာ ကျင့်သုံးကြသလောက် သီလကျင့်သုံးလို့ ရှိရင် ကိုယ်မှု၊ နှုတ်မှုတွေ စင်ကြယ်ပြီးတော့ ယဉ်ကျေးသွားတယ်၊ နူးညံ့သွားတယ်၊ စိတ်တွေ တည်ငြိမ် သန့်ရှင်းအောင် ပြုလုပ်လို့ရှိရင် စိတ်နေစိတ်ထားတွေလည်းပဲ ဖြူစင်သန့်ရှင်းပြီး ခိုင်မာတယ်၊ ကိလေသာမျိုးတွေ အချိန်ပိုင်း ပြတ်အောင်၊ အချိန်ပြည့် ပြတ်သွားအောင် ပညာဆိုင်ရာ ပညာအကျင့်တွေကိုလည်းပဲ မြတ်စွာဘုရားက ညွှန်ပြဆုံးမတယ်၊ ဆုံးမတဲ့အတိုင်း ကျင့်သုံးတဲ့ ပုဂ္ဂိုလ်တွေမှာ ကျင့်သုံးသလောက် ဝိပဿနာပညာနဲ့ မဂ်ပညာ အဆင့်ဆင့်ဖြစ်သွားပြီဆိုလို့ရှိရင် ကိလေသာမျိုးပါ ပြတ်ပြီး စိတ်လည်းပဲ အပြစ်အနာအဆာတွေ ကင်း, သန့်ရှင်းသွားတယ်၊ ယဉ်ကျေးတယ်၊ နူးညံ့တယ်၊ အေးချမ်းတယ်၊ အနည်းဆုံး တစ်မဂ် တစ်ဖိုလ် ရသွားပြီဆိုလို့ရှိရင် လူ့ဘဝအဖြစ်နဲ့ သာသနာတော်ကြီးနဲ့ တွေ့ရကြုံရကျိုးနပ်သွားပါပြီ၊ အဲသလောက်ကို ဘဝအာမခံချက် ရသွားလို့ရှိရင် စိတ်ချသွားပါပြီ၊ ရဟန္တာ ဖြစ်တဲ့အထိ ပြီးဆုံးသွားလို့ ရှိရင် အထူးပြောစရာ မရှိတော့ဘူး။

http://www.dhammadownload.com

အဲဒီလို မြတ်စွာဘုရား ဆိုဆုံးမတဲ့ လမ်းမှန် အကျင့်ကောင်းကို သိနားလည်ပြီး ကျင့်သုံးတဲ့ ပုဂ္ဂိုလ်တွေဟာ ကိုယ် နှုတ် စိတ် သုံးမျိုးလုံး အပြစ်အနာအဆာတွေ ကင်းပြီး သန့်ရှင်း၊ ယဉ်ကျေး၊ နူးညံ့သွားတာ၊ အေးချမ်းသွားတာ၊ နှစ်သက်စရာတွေ ဖြစ်သွားတာ ဘာကြောင့်လဲ ဆိုတော့ မြတ်စွာဘုရား၏ အဆုံးအမကြောင့်ပါ၊ မြတ်စွာဘုရား ဆုံးမသွန်သင်ထားတဲ့အတိုင်း ကျင့်သုံးကြတဲ့ ပုဂ္ဂိုလ်တွေ ကျင့်သုံးသလောက် ကိုယ် နှုတ် စိတ် သုံးမျိုးလုံး အပြစ် အနာအဆာတွေ သန့်ရှင်းသွားတယ်၊ သန့်ရှင်း သွားကြောင်းဖြစ်တဲ့ မြတ်စွာဘုရား အဆုံးအမ၊ ကျင့်နည်းမှန်တရားနဲ့ လက်တွေ့ကျကျ ကျင့်သုံးလို့ ရရှိတဲ့ သီလ သမာဓိ ပညာ အကျင့်တရားတွေကို "သာသနာ" ခေါ်တာပဲ၊ ကိုယ်၊ နှုတ်၊ စိတ် သုံးမျိုးလုံး အချိုးကျ အပိုးသေအောင် ဆုံးမညွှန်ကြားကြောင်း ယဉ်ကျေးမှုတဲ့၊ အဲဒါ "သာသနာ" ခေါ်တယ်။

အတိုချုပ် ပြောလို့ရှိရင် မြတ်စွာဘုရား ဆိုဆုံးမတဲ့ ဗုဒ္ဓယဉ်ကျေးမှု၊ အဲဒီယဉ်ကျေးမှုကလည်း ကျင့်နည်းမှန် ယဉ်ကျေးမှု၊ ကျင့်သုံးရတဲ့ သီလ သမာဓိ ပညာ အကျင့် ယဉ်ကျေးမှု၊ ကိုယ်အမူအရာ နှုတ်အမူအရာ ယဉ်ကျေးအောင် ဒီလို ဒီလို ကျင့် ဆိုတဲ့ သီလဆိုင်ရာ အကျင့်

http://www.dhammadownload.com

နည်းလမ်းတွေ၊ စိတ်နေစိတ်ထားတွေ သန့်ရှင်းအောင် ဒီလို ဒီလိုကျင့် ဆိုတဲ့ သမာဓိဆိုင်ရာ အကျင့်နည်းလမ်းတွေ၊ အသိဉာဏ် အသိမှန်တွေ အဆင့်ဆင့် ဖြစ်အောင် ဒီလိုကျင့် ဆိုတဲ့ ပညာဆိုင်ရာ အကျင့်နည်းလမ်းတွေက တစ်ခြား မဟုတ်ပါဘူး၊ သတိပဋ္ဌာန်ဘာဝနာတရားပဲ၊ သတိပဋ္ဌာန် ဘာဝနာ တရားကို ပြည့်ဝကျေနပ်လောက်တဲ့အထိ အားထုတ်ပြီဆိုရင် သီလ၊ သမာဓိ၊ ပညာ အကျင့် တရားတွေ ပါသွားတာပါပဲ၊ ကျင့်ရင်း ကျင့်သလောက် ကျင့်တဲ့ ပုဂ္ဂိုလ်တွေမှာ ကိုယ် နှုတ် စိတ် သုံးမျိုးလုံး အချိုးကျ အပိုးသေ ယဉ်ကျေးသွားတယ်၊ နူးညံ့သွားတယ်၊ အေးချမ်းသွားတယ်၊ နှစ်သက်စရာတွေ ဖြစ်သွားတယ်၊ ဘာကြောင့်လဲ၊ ကျင့်နည်းမှန် သီပြီး ကျင့်လို့၊ ဒါကြောင့် မြတ်စွာဘုရား ဆိုဆုံးမတဲ့ အဆုံးအမတွေဟာ လူတွေ သတ္တဝါတွေ ကိုယ် နှုတ် စိတ် သုံးမျိုးလုံး ယဉ်ကျေးအောင် ပြုကြောင်းဖြစ်တဲ့အတွက် ပါဠိလို "သာသန" မြန်မာလို ပါဠိမွေးစား စကားလုံး လုပ်ပြီး "သာသနာ"လို့ ခေါ်ပါတယ်။

မြန်မာမှုသက်သက်နဲ့ ပြောလို့ရှိရင် ဗုဒ္ဓယဉ်ကျေးမှုပါပဲ၊ အဲဒီ ဗုဒ္ဓယဉ်ကျေးမှု ပိုင်အောင် လုပ်ပါလို့ ဆိုလိုပါတယ်၊ "ပိုင်"ဆိုတာက စာအုပ်ထဲက သာသနာ

http://www.dhammadownload.com

မဟုတ်ပါဘူး၊ ဆရာတော် သံဃာတော်တွေ ဟောတဲ့ နှုတ်က ထွက်တဲ့ သာသနာ မဟုတ်ပါဘူး၊ မြတ်စွာဘုရား ဟောထားတဲ့အတိုင်း ကိုယ့်ဆရာသမားတွေက ညွှန်ကြားတဲ့ ကျင့်နည်းအမှန်တရားအတိုင်း ကျင့်လို့ ကိုယ်မှာ ရရှိတဲ့ သီလ သမာဓိ ပညာအကျင့်တရားတွေကို ယခု တရားအားထုတ်ထားတော့ ရလာတာ၊ ရပြီဆိုရင် ပိုင်တာပဲ၊ စားဝတ်နေရေးအတွက် အလုပ်ကြိုးစားတဲ့အခါမှာ လုပ်ခကြေးငွေတွေ ရပြီဆိုရင် အဲဒီ လုပ်ခက ကိုယ်ပိုင်တာပဲ၊ တစ်ခြားဘယ်သူမှ မပိုင်ဘူး၊ ကိုယ်လုပ်လို့ ကိုယ်ရတာပဲ၊ ကိုယ်အားထုတ်လို့ ကိုယ်ရတဲ့ သီလ သမာဓိ ပညာအကျင့်တရား ကျင့်နည်းမှန်နဲ့ အတူ ကိုယ်ပိုင်တာပဲ၊ အဲဒါ "သာသနာပိုင်" ခေါ်တယ်။

ဘုန်းကြီးက ဘုရားညွှန်ကြားတဲ့အတိုင်း ကျင့်ရင် ဘုရားအဆုံးအမ ဘုန်းကြီးမှာ ပိုင်သွား, ရသွားတော့ ဘုန်းကြီးက သာသနာပိုင် ဖြစ်သွားတာပေါ့၊ အခြားအခြား အရှင်မြတ်များ သံဃာတော်များက မြတ်စွာဘုရား ဆိုဆုံးမတဲ့အတိုင်း ကျင့်လို့ရှိရင် ယဉ်ကျေးမှု ရရှိသွားတဲ့အခါမှာ သူတို့လည်းပဲ အသီးသီး သာသနာပိုင် ဖြစ်သွားတာပေါ့၊ လူဝတ်ကြောင်များကလည်းပဲ လူဝတ်ကြောင်အလိုက် အနည်းဆုံး ငါးပါးသီလ ပြည့်စုံ

http://www.dhammadownload.com

တယ်ဆိုရင် သီလသာသနာပိုင်တာပဲ၊ စိတ်နေစိတ်ထား တွေ သန့်ရှင်းအောင် ပြုလုပ်လို့ရှိရင် ပြုလုပ်တဲ့ ပုဂ္ဂိုလ်မှာ စိတ်တည်ငြိမ်မှု ရသွားတယ်၊ အဲဒီ တည်ငြိမ်မှုဟာ လုပ်တဲ့ ပုဂ္ဂိုလ် ပိုင်တာပဲ။

ရုပ်နာမ် ပိုင်းခြားသိမှုကအစ အဆင့်ဆင့် အဆင့်ဆင့် ဉာဏ်ကလေးတွေ ပွင့်ပြီး ရင့်ကျက် ပြည့်စုံသွားလို့ အနည်းဆုံး တစ်မဂ် တစ်ဖိုလ် ရသွားပြီဆိုရင် အဲဒီ ပုဂ္ဂိုလ်ဟာ သူလုပ်လို့ သူပိုင်သွားတာပဲ၊ လူဝတ်ကြောင် တွေလည်းပဲ သာသနာပိုင် ဖြစ်နိုင်တယ်၊ အားလုံး သာသနာပိုင် ဖြစ်နိုင်တယ်၊ အဲဒီအဓိပ္ပါယ်ကို မြော်ပြီး ဟိုးရှေးရှေးက ထင်ရှားတဲ့ ဆရာတော်တစ်ပါးက မိမိထံ ချဉ်းကပ်လာတဲ့ ရဟန်းတော်များကို “**မောင်ပဉ္ဇင်း၊ သာသနာပိုင် ဖြစ်အောင် ကြိုးစားနော်**”ဆိုတာကို ပြောတာပါ။

ပရိသတ်ကို ဘုန်းကြီးက မေးချင်ပါတယ်၊ သာသနာပိုင် ဖြစ်အောင် လုပ်ပြီးကြပြီလား၊ ဗုဒ္ဓယဉ်ကျေးမှု ကျင့်နည်းအမှန်နဲ့ လက်တွေ့ကျကျ ကျင့်သုံးလို့ ရရှိတဲ့ သီလ သမာဓိ ပညာ ကိုယ်နဲ့ တန်သလောက် တန်သလောက် ရရှိပြီးပြီလား၊ အာမခံချက် ရှိလောက်အောင် သေချာတဲ့ သီလ သမာဓိ ပညာအကျင့်တရားရော

http://www.dhammadownload.com

ဟုတ်ရဲ့လား၊ အခု စံလွန်တော်မူသွားတဲ့ ရွှေဥမင်ဆရာတော်ဘုရားကြီးကို မှီရတဲ့ ပုဂ္ဂိုလ်တွေ ဆိုလို့ရှိရင် ကျင့်နည်းမှန် နားထောင်ရုံမျှ မဟုတ်ဘဲနဲ့ သူ့အထံအချိန်ယူပြီး လာရောက်ပြီးတော့ အားထုတ်တယ် ဆိုလို့ရှိရင် သီလ သမာဓိ ပညာအကျင့်တရားတွေဟာ ကိုယ်လုပ်လို့ ရသွားပြီဆိုရင် နည်းနည်းရရင် နည်းနည်း သာသနာပိုင်တာပဲ၊ များများရရင် များများ သာသနာပိုင်တာပဲ၊ အနည်းဆုံး တစ်မဂ် တစ်ဖိုလ် လောက် ရသွားပြီဆိုရင် သေချာတဲ့ သာသနာ ဘုရား အဆုံးအမ ဗုဒ္ဓယဉ်ကျေးမှု ပိုင်သွားပါပြီ၊ တရား အားထုတ်လို့ ရှိရင် တစ်ယောက်ရသွားရင် တစ်ယောက် ပိုင်သွားတာပဲ၊ နှစ်ယောက်အားထုတ်ရင် နှစ်ယောက်ပိုင်သွားတာပဲ၊ အဲဒါ "သာသနာပိုင်" ခေါ်တယ်။

ဒါကိုလည်း ဘုန်းကြီးက တွက်ပြပါမယ်၊ မြန်မာပြည်မှာ လူဦးရေ သန်း(၅၀) ကျော်သွားပါပြီ၊ အဲဒီ သန်း(၅၀)ထဲမှာ ဗုဒ္ဓဘာသာ မဟုတ်တဲ့ သူက (၁၀)သန်းလောက် ရှိပါတယ်၊ သန်း (၅၀)ထဲက (၁၀)သန်း နုတ်လိုက်ရင် သန်း(၄၀) ကျန်ပါတယ်၊ အဲဒီ သန်း(၄၀) အားလုံးက ဗုဒ္ဓဘာသာဝင်တွေချည်းလို့ ဆိုစရာပါပဲ၊ ဒါပေမယ်လို့ ခေတ်အဆက်ဆက် အကြောင်းအမျိုး

http://www.dhammadownload.com

မျိုးကြောင့် ဗုဒ္ဓယဉ်ကျေးမှုနဲ့ ကင်းကွာပြီးတော့ လာတာ နှစ်ပေါင်း (၄၀) ရှိသွားပါပြီ။

မိဘအုပ်ထိန်းတဲ့ သူတွေ ကိုယ်တိုင်ကလည်းပဲ နဂိုက မိကောင်း ဖကောင်း ဆွေကောင်း မျိုးကောင်း ဆရာသမားကောင်းတွေကို မမှီခဲ့ရတော့ အခြေခံသီလ သာသနာက စပြီး ပိုင်ပိုင်နိုင်နိုင် မရှိကြတော့ဘူး။ အခု သီလဝိသုဒ္ဓိ ရှိတဲ့သူ ဦးရေ ဘယ်လောက်လောက် ရှိမလဲ ဆိုတာ ပရိသတ် တွက်ကြည့်ကြပါ၊ ဒီကမှ တစ်ဆင့် စိတ်ဓာတ်ဖွံ့ဖြိုးစေတဲ့ သမာဓိသိက္ခာရှိသူ ဦးရေ ဘယ် လောက်လောက် ရှိမလဲဆိုတာ ပရိသတ် တွက်ကြည့် ကြပါ၊ အဲဒီကမှ တစ်ဆင့်တက်ပြီး ဝိပဿနာဉာဏ်၊ အရိယာဉာဏ် ဒီပညာသိက္ခာနဲ့ ပြည့်စုံသွားတဲ့ ပုဂ္ဂိုလ် ဦးရေ ဘယ်လောက်ရှိပြီလဲ တွက်ကြည့်ပါ၊ နှစ်ပေါင်း (၄၀)လောက် အကြောင်းအားလျော်စွာ ဗုဒ္ဓယဉ်ကျေးမှုနဲ့ ကင်းကွာသွားတော့ ယဉ်ကျေးမှု မရှိတဲ့ ပုဂ္ဂိုလ်တွေဟာ မြန်မာပြည်မှာ ဘယ်လို ဖြစ်နေသလဲ ဆိုတာ တွက် ကြည့်ကြပါ၊ မိကောင်း ဖကောင်း ဆွေကောင်း မျိုးကောင်း အခုလို ရွှေဥမင်ဆရာတော်ဘုရားကြီးလို ပုဂ္ဂိုလ်ကို မှီရတဲ့ သူတွေဟာ အမှီရတယ် ဆိုတာ ဖူးတွေ့ရုံ

http://www.dhammadownload.com

မဟုတ်ဘူး၊ ကျင့်နည်းမှန်တွေ နာခံပြီး ဒီဘဝမှာ သေချာပေါက် သာသနာပိုင် ဖြစ်ဖို့ရာ သိပ်ပြီး လိုအပ်ပါတယ်။

သာသနာပိုင် ဖြစ်ရမယ် ဆိုတဲ့ စိတ်တွေ ရှိပြီး သာသနာအကျင့်မှန် ဖြစ်နိုင်လောက်တဲ့ နည်းလမ်းတွေ ရွေးချယ်ဆရာတော်ကြီးဆီက ရမယ်၊ ကျင့်လည်း ကျင့်မယ် ဆိုရင် သီလ သမာဓိ ပညာသာသနာပိုင်သွားမယ်၊ ပီပီပြင်ပြင် တစ်ကိုယ်ရေ သာသနာပိုင်သူဦးရေ ဘယ်လောက် ရှိမလဲ ဆိုတာ တွက်ကြည့်ပါ၊ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ကြည့်ပါ၊ မိကောင်းဖကောင်းတွေ မှီရတယ် ၊ ဆရာသမားကောင်းတွေ မှီရတယ်၊ တကယ့် ဆရာတော်ဘုရားကြီးတွေ မှီရတယ်၊ မှီရပြီး သီလသာသနာလည်း ပိုင်ပြီ၊ သမာဓိ သာသနာလည်း ပိုင်ပြီ၊ ပညာသာသနာလည်း ပိုင်ပြီ၊ အာမခံချက် ရှိလောက်အောင် ဖြစ်ပြီ၊ စိတ်ချရပြီဆိုရင် လူဖြစ်ရကျိုးနပ်ပြီ၊ သာသနာတော်ကြီးနဲ့ တွေ့ဆုံရ ကျိုးနပ်ပြီဆိုပြီးတော့ ရဲရဲတောက် ကြိုးဝါးနိုင်သူ ဦးရေ မြန်မာပြည်မှာ ဘယ်လောက်လောက် ရှိမလဲ။

ခုနက ဗုဒ္ဓဘာသာ မဟုတ်သူ (၁၀)သန်း နုတ်လိုက်ရင် သန်း(၄၀) ကျန်မယ်၊ ဘုန်းကြီးအမြင်နဲ့ မည်သာမတာ တွက်ရမယ်ဆိုရင် ခုနက သန်း(၄၀)ထဲက သုံးသန်းနဲ့

http://www.dhammadownload.com

လေးသန်းကြားလောက်ပဲ ရှိမယ်၊ သာသနာပိုင်ပြို ဆိုပြိုး စိတ်ချရတဲ့ ပုဂ္ဂိုလ်က (၄)သန်းလောက်ပဲ ရှိမယ်၊ အဲဒီ (၄)သန်းကို ထပ်နုတ်လိုက်ရင် (၃၆)သန်း ကျန်မယ်၊ အဲဒီ (၃၆)သန်းဟာ မူန်မွားမွား ချည့်နဲ့နဲ့ မပြတ်မသား အဆန်ချောင် စိုစိစိ ညောင်နာနာ အမည်ခံ ဗုဒ္ဓဘာသာဝင် ဖြစ်တဲ့ ပုဂ္ဂိုလ်များပါ၊ အဲဒီ သမားရိုးကျ သာသနာပိုင်ပြို ဆိုပြိုး စိတ်ချနေတဲ့ ပုဂ္ဂိုလ်များဟာ ဟိုးရှေးရှေးက ထင်ရှားတဲ့ ဆရာတော်ကြီး အမိန့်ရှိခဲ့တဲ့ "မောင်ပဥ္ဇင်း၊ သာသနာပိုင် ဖြစ်အောင် ကြိုးစားနော်" ဆိုတဲ့ စကားနဲ့ တိုက်ကြည့်ကြပါ။

"သာသနာပိုင် ဖြစ်တယ်" ဆိုတာ အနည်းဆုံး တစ်မဂ် တစ်ဖိုလ်ရမှ သာသနာပိုင်တာ၊ မဟုတ်ရင် သာသနာပိုင် မဟုတ်သေးဘူး၊ အဲဒီ ဆရာတော်ကြီး ဆိုလိုတာက အနည်းဆုံး အရိယာ ဖြစ်အောင် အားထုတ်ကြပါ၊ သောတာပန်ဖြစ်အောင် အားထုတ်၊ ဒါမှ သာသနာပိုင်မယ်လို့ ပြောတာ၊ ဘုန်းကြီး ကိုယ်တိုင်ကလည်း ဒီအဆုံးအမကို မသိလို့ပဲ ဖြစ်ဖြစ် သိပေမယ့် အမှတ်တမဲ့ပဲ ဖြစ်ဖြစ် ကျင့်နည်းမှန်လည်း မလေ့လာဘူး၊ ကျင့်လည်း မကျင့်ဘူး ဆိုလို့ရှိရင်တော့ ကျင့်နည်းမှန် ပရိယတ္တိသာသနာလည်း မပိုင်ဘူး၊

http://www.dhammadownload.com

မကျင့်တော့ ပဋိပတ္တိသာသနာလည်း မပိုင်ဘူး၊ ကျင့်နည်းမှန် ပရိယတ္တိ မရှိဘဲနဲ့တော့ လက်တွေ့ ကျင့်သုံးမှု ပဋိပတ္တိသာသနာလည်း မပိုင်ဘူး၊ ပဋိပတ္တိသာသနာ မပိုင်ဘူးဆိုရင် ပဋိဝေဓ သာသနာလည်း မပိုင်ဘူးပေါ့၊ စာတွေတော့ သင်နေတာပဲ၊ စာတွေ သင်နေတာ ကျင့်နည်းမှန်ပဲ၊ ကျင့်နည်းမှန်သာ သိပြီးတော့ မကျင့်ဘူးဆိုရင် ဘယ်က လာပြီး ပိုင်နိုင်ပါ့မလဲ။

တစ်နည်းအားဖြင့်လည်း ဘုန်းကြီးတို့က စာတော့ သင်ပါရဲ့၊ စာသင်ပြီးတော့ စာက ညွှန်တဲ့အတိုင်း အခြေခံကိုယ်ကျင့်သီလမှ မရှိဘူးဆိုရင် ဒီသီလဟာ ကိုယ်မှာ ရှိနေတာ မဟုတ်တော့ ကိုယ်မပိုင်ဘူး၊ အဲဒီတော့ သာသနာပိုင် မဟုတ်ဘူး၊ သီလမရှိဘူးဆိုရင် စိတ်တည်ငြိမ်မှု သမာဓိလည်း မရှိဘူး၊ သမာဓိ မရှိဘူးဆိုရင် အသိပညာလည်း မရှိဘူး၊ ဒီနည်းနဲ့ပဲ သီလ သမာဓိ ပညာ ခေါ်တဲ့ သာသနာ ဘုန်းကြီးတို့မှာ မပိုင်တော့ဘူး။

လူတွေလည်းပဲ မကျင့်ဘူး ဆိုလို့ရှိရင် သာသနာပိုင် မဟုတ်တော့ဘူး၊ သာသနာ မပိုင်ရင် ဘယ်လို ဖြစ်မလဲ၊ ခုန သမားရိုးကျ ဗုဒ္ဓဘာသာအဆင့်ကနေ ဘယ်တက်မလဲ၊ သမားရိုးကျ ဗုဒ္ဓဘာသာဝင် အဆင့်ဆိုတာကတော့ မှုန်မှားမှားပဲ၊ မှုန်မှားမှားဆိုတာ ဘာရယ် ညာရယ် သိတာ

http://www.dhammadownload.com

မဟုတ်ဘူး၊ ကျင့်နည်းမှန်လည်း ဟုတ်တိပဋ်တိသိတာမဟုတ်ဘူး၊ ကျင့်ပြန်လို့ရှိရင်လည်း ဟုတ်တိပတ်တိမရှိပါဘူး၊ မှုန်ဝါးဝါးပဲ၊ မှုန်ဝါးဝါးဆိုတာ မပြတ်သားဘူး၊ ချည့်နဲ့နဲ့ပဲ၊ အဆန်ချောင်ပဲ၊ စိုစိစိ ညောင်နာနာပဲ၊ အမည်ခံပဲ။

အဲဒီလို အနေအထားမျိုး ဖြစ်မှာကိုပဲ ရွှေဥမင်ဆရာတော်ဘုရားကြီးက ဘုန်းကြီး မဟာဗောဓိတောရစခန်းမှာ အနားယူနေတုန်းက "သာသနာပိုင်ဖြစ်မယ့်လမ်းစဉ်လိုက်နေတာ"တဲ့။ ရှေးက ဆရာတော်ဘုရားကြီးဒီအတိုင်းပဲ အမိန့်ရှိခဲ့ပါတယ်။ အဲဒါ စိတ်ထဲက စွဲနေတာ။ ဘုန်းကြီးအပေါ် နောင်တော်ကြီး တစ်ပါးအနေနဲ့ရော တကယ့်သီတင်းသုံးဖော် ကောင်းတစ်ပါး အနေနဲ့ပါကျောက်တန်း မဟာဗောဓိ တောရမှာ အနားယူနေစဉ်က ပြောခဲ့တဲ့ စကားက နှလုံးထဲ အသည်းထဲမှာ စွဲပြီးကျန်နေတာ၊ အခုထက်ထိ အသံလေး ကြားယောင်နေပါသေးတယ်။

အဲဒီလို သတိတရား ပေးခဲ့တဲ့ ဆရာတော်ကြီး လွန်ခဲ့တဲ့ လေးရက်က စံလွန်တော်မူသွားပါပြီ။ အားကိုးလောက်တဲ့ ဆရာတော်ကြီး စံလွန်တော်မူ သွားပါပြီ။ ဒီဆရာတော်ကြီးကို အမှီပြုနေတဲ့ ရှင်ရဟန်းအပါအဝင်

http://www.dhammadownload.com

အမျိုးသားအမျိုးသမီး ပုဂ္ဂိုလ်များဟာ ဒီလို ဆရာတော်ကြီးကို အမှီပြုရတဲ့ အတွက် ဘယ်လောက် အတိုင်းအတာအထိ ဆရာတော် ဘုရားကြီးရဲ့ အလိုဆန္ဒအရ သာသနာပိုင်ကြပြီလဲဆိုတာ ကိုယ့်ကိုယ်ကို စစ်တမ်းထုတ်ဖို့ လိုပါတယ်။

တစ်ကိုယ်ရေ သာသနာပိုင်တဲ့နည်းတွေ ပေးတော့သွားပါရဲ့။ ဒါပေမယ့်လို့ စိတ်ချလက်ချ ပိုင်ပြီလား၊ အာမခံချက် ရှိလောက်အောင် ပိုင်ပြီလားဆိုတာလည်း ကိုယ့်ကိုယ်ကို ပြန်ပြီး စစ်တမ်းထုတ်ဖို့ လိုပါတယ်။ အဲ-စစ်တမ်းထုတ်ကြည့်လို့ ကိုယ့်မှာ မပိုင်သေးဘူး ဆိုလို့ ရှိရင် ဆရာတော်ဘုရားကြီး အလိုကျ ဖြစ်အောင် ကျင့်သုံးပြီဆိုလို့ရှိရင် အဲဒါ ဆရာတော် ဘုရားကြီးကို ရိုသေတာပဲ။ လေးစားတာပဲ။ မြတ်နိုးတာပဲ။ ရိုသေလေးစား မြတ်နိုး ကိုးကွယ်ရကျိုးလည်း နပ်သွားမယ်။

အဲဒီတော့ ရိုသေလေးစား မြတ်နိုးကိုးကွယ်တဲ့ အနေအထား ရောက်အောင် ဘဝအာမခံချက်တွေ ရှိနိုင်လောက်တဲ့ အနေအထားထိ ရောက်အောင်လို့ ဆရာတော် ဘုရားကြီး စံလွန်တော်မမူခင်ကပင် အဖန်ဖန် အထပ်ထပ် ဆုံးမခဲ့တဲ့ သာသနာပိုင် ဖြစ်အောင် လုပ်နည်းလေးတွေကို ကြိုးစားကြပါလို့ ဘုန်းကြီးက လေးလေးနက်နက် ဒီပလွှင့်ပေါ်က နေပြီး တိုက်တွန်းပါတယ်။

http://www.dhammadownload.com

ဒါနဲ့ စပ်ပြီးတော့ မဟာပရိနိဗ္ဗာနသုတ်တော်ထဲက မြတ်စွာဘုရား ပရိနိဗ္ဗာန် မစံခင် သုံးလလောက် အလိုမှာ ဟောကြားတော်မူခဲ့တဲ့ ဗုဒ္ဓသာသနာလိုရင်း အနှစ်ချုပ် တရားလေးကို ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီး ဟောကြားတော်မူခဲ့တဲ့ နည်းစနစ်အတိုင်း တပည့်ကောင်းပီပီ ဆရာ့နည်းလမ်း လိုက်ရမယ်ဆိုတဲ့ အတိုင်း ဓမ္မလက်ဆောင်လေး ပေးပါရစေ၊ ဗုဒ္ဓသာသနာ လိုရင်းအနှစ်ချုပ် တရားတော် ဖြစ်ပေါ်လာရခြင်း အကြောင်းက မြတ်စွာဘုရား ပရိနိဗ္ဗာန်စံခါနီး သုံးလ အလိုမှာ ဝေသာလီနေပြည်တော် မဟာဝုန်တော ကူဋာဂါရကျောင်းတိုက် စုလစ်မွန်းချွန်နဲ့ တည်ဆောက်ထားတဲ့ ကျောင်းတိုက်မှာ မြတ်စွာဘုရား ဆိုက်ရောက်တော် မူပါတယ်။

အဲဒီအချိန်မှာ အာယုသင်္ခါရ လွှတ်ပြီးပါပြီ၊ သုံးလ လွန်မြောက်လို့ ရှိရင် ပရိနိဗ္ဗာန်စံတော့မယ် ဆိုတာ ကြည်ချက် ထုတ်ပြီးပြီ၊ ဝေသာလီကို မြတ်စွာဘုရား အင်မတန် ချီးကျူးပါတယ်၊ အဲဒီ မဟာဝုန်တော ကူဋာဂါရကျောင်းတိုက်မှာ သီတင်းသုံးနေတုန်းအခိုက် အရှင်အာနန္ဒကို အမိန့် ရှိခဲ့တယ်၊ “ချစ်သား အာနန္ဒ၊ ဝေသာလီနေပြည်တော် အမှီပြုပြီး မြို့တွင်းရော မြို့ပြင်ပ

http://www.dhammadownload.com

ရော နေကြတဲ့ ရဟန်းတော်တွေကို ဒီကျောင်းတိုက်ထဲက ဥပဋ္ဌာနသာလာ ခေါ်တဲ့ ဓမ္မာရုံကြီးမှာ စုလိုက်"တဲ့၊ ဥပဋ္ဌာနသာလာ ဆိုတာ ညီမူစည်းဝေး 'စုဝေးရာ ဧရပ်'လို့ ခေါ်ပါတယ်။

မြတ်စွာဘုရား မိန့်တော်မူခဲ့တဲ့အတိုင်း အရှင် အာနန္ဒက အားလုံး သံဃာတွေ ဆုံတဲ့အခါမှာ "မြတ်စွာဘုရား ဝေသာလီအမှီပြုပြီး သီတင်းသုံးနေကြတဲ့ သံဃာတွေ ညီမူစည်းဝေးရာ ဓမ္မာရုံကြီးမှာ အားလုံး စုပြီးပါပြီ၊ မြတ်စွာဘုရား ကွဲရောက်ဖို့ အချိန်တန်ပါပြီ ဘုရား" လို့ လျှောက်တယ်၊ အဲသလို လျှောက်တဲ့အခါမှာ မြတ်စွာဘုရားက ဓမ္မာရုံကြီးထဲကွ၊ အဆင်သင့် ခင်းထားတဲ့ နေရာပေါ်မှာ ထိုင်တော်မူပြီး စကားတွေ ဘာမျှ ပလွင့်ခံ မနေတော့ပါဘူး၊ ဗုဒ္ဓသာသနာရဲ့ လိုရင်းအနှစ်ချုပ်တရား ကို –

တသ္မာတိဟ ဘိက္ခဝေ ယေ တေ မယာ ဓမ္မာ အဘိညာ ဒေသိတာ၊ တေ ဝေါ သာဓုကံ ဥဂ္ဂဟေတ္ဝာ အာသေဝိတဗ္ဗာ ဘာဝေတဗ္ဗာ ဗဟုလီကာတဗ္ဗာ၊ ယထယိဒံ ဗြဟ္မစရိယံ အဒ္ဓနိယံ အသ္သ စိရဋ္ဌိတိကံ၊ တဒသ္သ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ

http://www.dhammadownload.com

ဒေဝမနုဿာနံ။(သုတ်မဟာဝါ ၊ ပါ၊ ၁၀၀) လို့ ဟောတော်မူပါတယ်။

မြန်မာလို လိုရင်း ပြန်ရမယ်ဆိုရင် ချစ်သားတို့ . . . ဒီနေရာဌာနမှာ ငါဘုရား၏ အမိန့်အရ ညီညာဖြဖြ ရောက်လာခြင်း ဆိုသော အကြောင်းကြောင့် ငါဘုရား ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် သိရှိထားတဲ့ ဓမ္မတွေ ရှိပါတယ်၊ စိတ်ကူးနဲ့ ဟောထားတဲ့ တရားမဟုတ်ဘူး၊ မယာ အဘိညာ လို့ ဆိုထားပါတယ်၊ ငါဘုရားကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် သိထားတာတဲ့၊ ထိုတရားတို့ကို သင်ချစ်သားတို့ ကိုယ်တိုင် ရိုရိုသေသေ လေးလေး စားစား လေ့လာပါတဲ့၊ ကျင့်နည်းမှန်တွေ သိအောင် ပထမဆုံး နာယူ လေ့လာ မှတ်သားပါတဲ့၊ မှတ်သားမိတဲ့ တရားတွေကိုလည်း ပထမဆုံး စတင်မှီဝဲပါ၊ အလုပ်စပါတဲ့၊ ဆေးကောင်းဝါးကောင်းများ နေ့စဉ် မှီဝဲကြသလို ပထမ စတင် မှီဝဲလိုက်ပါတဲ့၊ နောက် ထပ်ကာ ထပ်ကာ မှီဝဲပါတဲ့၊ မှီဝဲဆိုတာ ဘာဝေတဇ္ဇတဲ့၊ ဖြစ်လက်စ တရားကို တိုးတက်ဖွံ့ဖြိုးသွားအောင် ငယ်ရာကနေပြီး ကြီးထွားသွားအောင် နုရာကနေပြီး ရင့်ကျက်သွားအောင် နည်းရာကနေပြီး များသွားအောင် ကြိုးစားကြတဲ့။

http://www.dhammadownload.com

အဲသလို အခြေအနေမျိုး ရောက်ဖို့ ဆိုတာကတော့ "ဗဟုလီကာတဗွာ –ကြိမ်ဖန်များစွာ ပြုကြ၊ ကြိမ်ဖန်များစွာ အားထုတ်ကြ" တဲ့တိုးပဲ တိုက်တွန်းပါတယ်၊ "ယထယိဒံ ဗြဟ္မစရိယံ အဒ္ဓနိယံ အသ္မ စိရဋ္ဌိတိကံ" ယင်းကဲ့သို့ ငါဘုရားညွှန်ကြားတဲ့အတိုင်း ကျင့်နည်းမှန် လေ့လာပြီ၊ ဆေးမှီဝဲသလို ထပ်ကာထပ်ကာ မှီဝဲပြီ၊ ကြီးအောင် ထွားအောင် ရင့်ကျက်အောင် ပြုပြီ၊ ကြိမ်ဖန်များစွာ သင်ကြားပြီး၊ ဒီအကျိုးပေါ်တဲ့အထိ ကြိုးစားပြီဆိုရင် သီလ သမာဓိ ပညာ သုံးမျိုးကို ဗုဒ္ဓယဉ်ကျေးမှုကို ခြုံပြီး ဖော်ပြထားတဲ့ သာသနဗြဟ္မစရိယ–မြတ်စွာဘုရား အဆုံးအမ မြတ်သော အကျင့် သာသနာဟာ ကြာမြင့်စွာသော ကာလကို ခံမယ်တဲ့၊ စွဲမြဲတည်တံ့မယ်၊ အရှည်ခိုင်မယ်၊ သာသနာအရှည် တည်ပြီဆိုရင်– တဒဿ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ" ဖြစ်မယ်တဲ့။

ရှင်ရဟန်းပိုင်းဆိုင်ရာရော ဒကာ ဒကာမပိုင်းဆိုင်ရာရော ကိုယ်စီ သာသနာလေးတွေ အသီးသီး စိတ်ချလောက်တဲ့ အာမခံချက် ရှိနိုင်တဲ့အထိ တော်တော်များများ တည်သွားပြီ၊ သာသနာပိုင်သွားပြီဆိုလို့ရှိရင် အဲဒီတည်တံ့မှုဟာ ဗဟုဇနဟိတာယ–လူအများစု အစီးအပွား ဖြစ်ဖို့ပဲတဲ့၊ ဗဟုဇနသုခါယ–လူအများစု

http://www.dhammadownload.com

ချမ်းသာဖို့ပဲတဲ့၊ လူ နတ်တွေကို ကြင်နာသနား မေတ္တာ ကရုဏာ ထားပြီး စောင့်ရှောက်ဖို့လည်း ဖြစ်တယ်တဲ့၊ လူ နတ်တို့ရဲ့ ပစ္စုပ္ပန် တမလွန် နှစ်တန် အကျိုးစီးပွားတွေ ဖြစ်ထွန်းဖို့ပဲတဲ့၊ အဲဒီစကားတွေ မိန့်ကြားတယ်၊ အဲဒီတရားတွေက အခြား မဟုတ်ပါဘူး၊ ဗောဓိပက္ခိယ တရား (၃၇)ပါးပဲတဲ့-

"သတိပဋ္ဌာန် လေးပါး၊ သမ္မပ္ပဓာန် လေးပါး၊ ဣဒ္ဓိပါဒ် လေးပါး၊ ဣန္ဒြေ ငါးပါး၊ ဗိုလ် ငါးပါး၊ ဗောဇ္ဈင် ခုနစ်ပါး၊ မဂ္ဂင် ရှစ်ပါး" တဲ့၊

ဗောဓိညာဏ်ရဲ့ အသင်းအပင်းဖြစ်တဲ့ တရားတွေပါ၊ ကျေးဇူးရှင် ရွှေဥမင်ဆရာတော်ဘုရားကြီး မိမိ အမှီပြုလာတဲ့ ပုဂ္ဂိုလ်တွေ ရှုမှတ်နည်းတွေ ပြတယ် မဟုတ်လား၊ ပြတော့ ရတယ် မဟုတ်လား၊ အဲဒါ သတိပဋ္ဌာန်တရားပဲ၊ 'ဖြစ်တိုင်းမှတ်ရှု သတိပြု စောင့်မှုအစဉ်ထား' ဆိုတာ ဖြစ်တိုင်း မှတ်ရှုတာပဲ၊ အဲဒီအပိုင်းဟာ မြတ်စွာဘုရား (၄၅)ဝါပတ်လုံး ဟောထားတဲ့ တရားတော်ရဲ့ လိုရင်းအနှစ်ချုပ်ပါပဲ။

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးကလည်း သူ့ဒီပနီတွေထဲမှာ ရေးထားတယ်၊ သာသနာ အနှစ်ချုပ်တရားဟာ ဗောဓိပက္ခိယတရား (၃၇)ပါးပဲတဲ့၊

http://www.dhammadownload.com

အဲဒီထဲက သတိပဋ္ဌာန်တရားဟာ သိပ် အရေးပါလှပါတယ်၊ သတိပဋ္ဌာန်ဘာဝနာတရား အားထုတ်တာဟာ ကိုယ်တိုင် သာသနာပိုင် ဖြစ်ဖို့ လုပ်ကြတာပါပဲ၊ အဲသလို အားထုတ်ကြပါလို့ ဆိုလိုရာ ရောက်ပါတယ်၊ ရှေးရှေးက ထင်ရှားတဲ့ ဆရာတော်ကြီးကလည်းပဲ သူ့ထံလာတဲ့ ပုဂ္ဂိုလ်တိုင်းကို "သာသနာပိုင် ဖြစ်အောင် ကြိုးစားပါ" ဆိုတာက သတိပဋ္ဌာန်တရားကို အားထုတ်ပါ၊ ဖြစ်တိုင်းမှတ်ရှု သတိပြုပါ၊ ဒါ ဆုံးမတာ၊ အဲဒါ သာသနာပိုင် ဖြစ်အောင် ကြိုးစားတဲ့ နည်းပဲ။

အဲဒါကို လိုရင်းသိနားလည်ရအောင် ဆိုပြီး အနန္တကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးက ပါဠိမကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်များ မြန်မာမှု သက်သက်နဲ့ သိရအောင် ဆောင်ပုဒ်ကလေးတွေ လုပ်ထားတယ်၊ ဗုဒ္ဓသာသနာ လိုရင်းအနှစ်ချုပ်တရားတော်ဖြစ်တဲ့ -

"တသ္မာတိဟ ဘိက္ခဝေ ယေ ဧတေ မယာ ဓမ္မာ အဘိညာ ဒေသိတာ၊ တေ ဝေါ သာဓုကံ ဥဂ္ဂဟေတ္ဝာ အာသေဝိတဗ္ဗာ ဘာဝေတဗ္ဗာ ဗဟုလီကာတဗ္ဗာ"၊

အဲဒါကို ဆရာတော်ဘုရားကြီးက 'ကိုယ်တိုင်သိပြီးသားတရားများ'လို့ စီထားပါတယ်၊ မယာ ဓမ္မာ အဘိညာ ဆိုတာ ကိုယ်တိုင် သိပြီးသား တရားလို့ အဓိပ္ပါယ်ရတယ်၊

http://www.dhammadownload.com

လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၅၀၀)ကျော်လောက်က ပရိနိဗ္ဗာန်စံတော်မမူခင် (၃)လလောက် အလိုမှာ ဝေသာလီနေပြည်တော် မဟာဝုန်တော ကူဋဂါဂါရ စုလစ်မွန်းချွန်တပ်တဲ့ ကျောင်းတော်ကြီးမှာ သံဃာတော် အမှူးရှိတဲ့ ပရိသတ်ကို ဟောခဲ့တဲ့ တရားပါ၊ အင်မတန်ကို ရှေးကျပါတယ်၊ ကဲ လိုက်ဆိုကြပါ။

'ကိုယ်တိုင်သိပြီးသား၊ တရားများ၊ ဘုရားဟောခဲ့သည်'။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက မြန်မာမှုန့်. စီသွားတာ၊ ဘာမှ အပိုအဆာတွေ မပါဘူး၊ အင်မတန်ရှင်းပါတယ်။

'ထိုတရားများ၊ မှတ်ယူထား၊ ဖြစ်ပွားစေရမည်'။
"တေ ဝေါ သာဓုကံ ဥဂ္ဂဟေတွာ အာသေဝိတဗ္ဗာ ဘာဝေတဗ္ဗာ ဗဟုလီကာတဗ္ဗာ"၊

ထိုတရားများကို သင်ချစ်သားတို့ ကိုယ်တိုင်က သင်ယူထားတဲ့၊ ကျင့်နည်းမှန်တွေ သိရအောင် သတိပဋ္ဌာန် ဘာဝနာတရားတွေကို ဘယ်လို ကျင့်သုံးရမလဲ၊ ဘယ်လိုမှတ်ရမလဲ ဆိုတာ ကောင်းမွန်စွာ သင်ကြားပါတဲ့၊ သင်ကြားပြီးတော့ တရားအစပျိုးပါတဲ့၊ အစပျိုး

http://www.dhammadownload.com

ထား‌တဲ့ တရား‌ကိုလည်း ဝိရိယအရှိန် မြှင့်တင်ပြီး‌တော့ တစ်ဆင့်တိုး‌အောင်လည်း ကြိုး‌စား‌ပါ၊ အဆင့်ဆင့်တိုး‌' အောင်လည်း ကြိုး‌စား‌ပါ၊ နောက်ဆုံး‌ မျော်မှန်း‌ထား‌တဲ့ တရား‌ပန်း‌တိုင် လိုရင်း‌ပန်း‌တိုင် ရောက်တဲ့အထိလည်း‌ပဲ အောင်မြင်အောင် ကြိုး‌စား‌ပါတဲ့၊ ပါဠိဘာသာနဲ့ ဟောထား‌တဲ့ ထိုတရား‌ကို ကျေး‌ဇူး‌ရှင် မဟာစည် ဆရာတော်ဘုရား‌ကြီး‌က "ထိုတရား‌များ၊ မှတ်ယူထား‌၊ ဖြစ်ပွား‌စေရမည်"လို့ မိန့်ကြား‌ခဲ့တယ်၊ ဒီလောက်ဆို အကုန်လုံး အဓိပ္ပါယ် ခြုံမိငုံမိပါတယ်၊ ကဲ–ဆိုရမယ်... 'ထိုတရား‌များ၊ မှတ်ယူထား‌၊ ဖြစ်ပွား‌စေရမည်'။

သီလ သမာဓိ ပညာ ခေါ်တဲ့ သိက္ခာသုံး‌ရပ် မြတ်စွာဘုရား‌ရဲ့ အဆုံး‌အမ သာသနာကို ဖြစ်ပွား‌စေရမယ်တဲ့၊ ရှုပွား‌စေရမယ်တဲ့၊ ပထမဆုံး‌ မြတ်စွာဘုရား‌ ဟောထား‌တဲ့ ကျင့်နည်း‌အမှန်ကို စာပေအရ ကောင်း‌မွန်စွာ လေ့လာရမယ်၊ များ‌များ‌ လေ့လာဖို့ မဟုတ်ပါဘူး‌၊ ဒီတရား‌တွေ ဒီလို အား‌ထုတ်ရတယ် ဆိုတဲ့ ရှုမှတ်တဲ့ နည်း‌လေး‌တွေ ကလျာဏမိတ္တ ခေါ်တဲ့ ဆရာကောင်း‌ထဲ ချဉ်း‌ကပ်ပြီး‌ လေ့လာရင် ရပါတယ်၊ ပြီး‌တော့ ဖြစ်ပွား‌စေရမယ်၊ ဖြစ်ပွား‌စေရမယ်ဆိုတာ အစပျိုး‌ရမယ်၊ တရား‌အရှိန် မြှင့်တင်ပြီး‌တော့ တစ်ဆင့်တိုး‌ရမယ်၊

http://www.dhammadownload.com

အောင်မြင်သည့်အထိ အဆင့်ဆင့် တိုးပြီးတော့ အားထုတ်ရမယ်၊ အဲဒါ ဖြစ်ပွားစေရမယ် ဆိုတာပဲ။

အဲဒီလို ဖြစ်ပွားစေလို့ရှိရင် ဘာအကျိုးတွေ ဖြစ်ထွန်းလာသတုံးဆိုတော့ လက်ငင်း အားထုတ်လာခဲ့တဲ့ ပုဂ္ဂိုလ်ဟာ သာသနာပိုင်လာတာပေါ့၊ ရှင် အားထုတ်လို့ ရှင်ရသွားတဲ့အခါ ရှင်ဟာ သာသနာပိုင်ပဲ၊ ရဟန်းငယ် အားထုတ်လို့ ရဟန်းငယ် ရသွားတဲ့အခါ ရဟန်းငယ်ဟာ သာသနာပိုင်ပဲ၊ ရဟန်းကြီး အားထုတ်လို့ ရသွားရင် ရဟန်းကြီးဟာ သာသနာပိုင်ပဲ၊ မထေရ်ကြီး အားထုတ်လို့ ရသွားရင် မထေရ်ကြီးဟာ သာသနာပိုင်ပဲ၊ အားမထုတ်ရင် မရဘူး၊ မရရင် သာသနာမပိုင်ဘူး၊ သိပ် ရှင်းရှင်းလေး ဟောထားပါတယ်။

တစ်ဦးတစ်ယောက် သာသနာပိုင်သွားရင် ဆင့်ပွားတွေ ဖြစ်နိုင်တယ်၊ မိသားစုထဲက သာသနာ တစ်ယောက် ပိုင်သွားပြီဆိုရင် သာသနာပိုင်ရတဲ့အတွက် ရရှိတဲ့ အကျိုးကို ကောင်းကောင်းကြီး သိနားလည်သွားတော့ မိမိအတွက် မြတ်နိုး တန်ဖိုးထားသလို မိမိနဲ့နီးစပ်ရာ ပုဂ္ဂိုလ်တွေအတွက်လည်း မြတ်နိုး တန်ဖိုးထားတတ်လာတယ်။

http://www.dhammadownload.com

သာသနာပိုင်နိုင်လောက်အောင်လည်း အဖြစ်နိုင်ဆုံး အကောင်းဆုံးနည်းနဲ့လည်း တိုက်တွန်းတော့တာပဲ၊ တိုက်တွန်းခံရတဲ့ ပုဂ္ဂိုလ်များကလည်းပဲ တိုက်တွန်းမှုကို ယုံယုံကြည်ကြည် ဖြစ်ပြီး သူတို့လည်း သာသနာပိုင် ဖြစ်အောင် ကြိုးစားတော့ ဆင့်ပွားဆင့်ပွား သာသနာပိုင်တွေ ဖြစ်တော့တာပေါ့၊ သူတို့ ကျင့်နည်းမှန်နဲ့ အတူ သီလ သမာဓိ ပညာ ခေါ်တဲ့ ဗုဒ္ဓယဉ်ကျေးမှုတွေ ရသွားပြီ၊ ပိုင်သွားပြီ၊ ဒီလို ပိုင်သူ ဆင့်ပွားဆင့်ပွားတွေ များနေပြီဆိုရင် သာသနာဟာ တာရှည်ခံမှာပေါ့၊ ကျင့်သုံးနေတဲ့ ပုဂ္ဂိုလ်တွေ ရှိနေသရွေ့ တာရှည်ခံမှာပဲ၊ ဒါကြောင့် မို့လို့ အကျိုးကို ဒီလို ပြထားတာပဲ၊ ယထယိဒံ ဗြဟ္မစရိယံ အဒ္ဓနိယံ အသ္သ စိရဋ္ဌိတိကံ တဲ့၊ ဒီပါဋိဘာသာကို မြန်မာလို ပြန်ထားတာပဲ၊ ကဲ.. ဆောင်ပုဒ်ကို လိုက်ဆို ရမယ်။

'သို့ဖြစ်စေရာ၊ သာသနာ၊ ရှည်စွာတည်လိမ့်မယ်၊'

ထိုကဲ့သို့ ဖြစ်လို့ရှိရင်လို့ ဆိုလိုတာပေါ့၊ ယင်းကဲ့သို့ မဖြစ်ဘူးဆိုရင် မတည်ဘူးဆိုတဲ့ အဓိပ္ပါယ်ပေါ့၊ ခပ်ရှင်းရှင်းလေးပဲ။

"ပဋိပတ္တိသဒ္ဓမ္မောပိ ဟိ ပဋိပတ္တိပူရကေသု သတ္တေသု အသတိ အန္တရဓာယတိ နာမ" လက်တွေ့

http://www.dhammadownload.com

ကျင့်သုံးမှု ပဋိပတ္တိသဒ္ဓမ္မ သူတော်ကောင်း တရား သာသနာတော်ဟာ လက်တွေ့ဖြည့်ကျင့်သူများ မရှိလို့ရှိရင် အဲဒီသာသနာကွယ်တယ်၊ လူဦးရေ သန်းပေါင်း (၅၀)ထဲက အခုလိုကျင့်နည်းမှန် တရားတွေလည်း လေ့လာမှု မရှိကွာ၊ ကြားနာလေ့လာတာလည်း မရှိဘူး၊ စာအုပ်ကြည့်ပြီး လေ့လာတာလည်း မရှိဘူး၊ ဆွေးနွေးလေ့လာတာလည်း မရှိဘူး၊ လေ့လာပေမယ့်လို့ လက်တွေ့ ကျင့်သုံးတဲ့အပိုင်း မရောက်သေးဘူး ဆိုရင် ရပ်နာမ် ပိုင်းခြားသိမှုကအစ အသိဉာဏ်တွေလည်း မပွင့်သေးဘူး၊ မရင့်သေးဘူး၊ မရင့်ကျက်သေးရင် အနည်းဆုံး သောတာပန်လည်း မဖြစ်သေးဘူး၊ လက်တွေ့ကျင့်သုံးရတဲ့ သဒ္ဓမ္မခေါ်တဲ့ သူတော်ကောင်း တရားသာသနာတော်ဟာ ပဋိပတ္တိအလုပ်ဟာ လက်တွေ့ကျင့်သုံးဖြည့်ကျင့်သူ မရှိခဲ့လို့ရှိရင် ကွယ်သည် မည်တယ်တဲ့။

ဘုန်းကြီး ကိုယ်တိုင်က ကျင့်နည်းမှန်ကိုလည်း မသိဘူး၊ သိပေမယ့်လို့ မကျင့်ဘူး၊ ခုန ဆရာတော်ကြီး အမိန့်ရှိသလို သာသနာပိုင်ဖြစ်အောင် အဆုံးအမမျိုး ကိုလည်း မရဖူးဘူး၊ ရပေမယ့်လို့ ကျင့်သုံးမှု မရှိဘူး ဆိုရင် အဲဒီဘုန်းကြီးမှာ ရဟန်း ဖြစ်လျက်သား နဲ့

http://www.dhammadownload.com

သာသနာကွယ်ပြီတဲ့၊ သာသနာမပိုင်ဘူးတဲ့၊ တရား တော့ရှိတာပဲ၊ ဗုဒ္ဓစာပေဘက်မှာလည်း ကျင့်နည်းမှန် တွေ ရှိကြတယ်၊ တကယ့် သံဃာတော်တွေထဲမှာ လည်းပဲ ကျင့်နည်းမှန်တွေ ရှိကြတယ်၊ ဒါပေမယ့် အဲဒီ ပုဂ္ဂိုလ်တွေနဲ့. မနီးစပ်တော့၊ နီးစပ်ပေမယ့် လက်တွေ့. ကျကျ မကျင့်သုံးတော့ အခြားကိစ္စတွေနဲ့ပဲ အချိန် ကုန်ပြီးတော့ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ ဖြစ်နေ တော့ ပဋိပတ္တိသဒ္ဓမ္မ ခေါ်တဲ့ သူတော်ကောင်း တရား ဟာ ဘုန်းကြီးကိုယ်တိုင်က မဖြည့်ကျင့်ဘူးဆိုရင် ဒီသာသနာကို ဘုန်းကြီး ပိုင်တာ မဟုတ်တော့ ဘုန်းကြီး မှာ သာသနာကွယ်တယ်တဲ့၊ မည်သာမတာ ဘုန်းကြီးက ကိုယ့်ကိုယ်ကို ဝေဖန်ရမှာပဲ၊ ကျင့်သုံးလို့ ရှိရင်တော့ မကွယ်ဘူးပေါ့။

"ပဋိပတ္တိသာရံ ဟိ သာသနာ" မြတ်စွာဘုရား၏. သာသနာတော်ဟာ ပဋိပတ္တိ လက်တွေ့.ကျင့်သုံးခြင်း လျှင် အနှစ်သာရ ရှိတယ်၊ လက်တွေ့. ကျင့်သုံးမှ တရားအနှစ်သာရ ရတယ်လို့. ဆိုလိုပါတယ်၊ ယောင်ဝါးဝါး မှုန်မွှားမွှား ချည့်နဲ့.နဲ့. အဆန်ချောင် မဟုတ်ဘူး၊ အနှစ်သာရနဲ့. ပြည့်စုံတယ်၊ လက်တွေ့. ကျင့်ပါ၊ စာတွေ့.နဲ့. မရပါဘူး၊ စာအုပ်က ပြောရုံနဲ့.

http://www.dhammadownload.com

မရပါဘူး၊ ဆရာက ပြောရုံနဲ့ မလုံလောက်ပါဘူး၊ လက်တွေ့ ကျင့်မှ ဒီတရားအနှစ်သာရတွေ ထွက်မှာ၊ လက်တွေ့ကလည်း မရှိဘူး၊ ကိုယ်ပိုင်သာသနာ မရှိတဲ့ ပုဂ္ဂိုလ်တွေမှာ ဆုံးရှုံးကြပုံတွေတော့ ကြောက်လန့်ဖွယ် ကောင်းလှပါတယ်။

"ပဋိပတ္တိယာ ဟာယမာနာယ သတ္ထာ ဟာယန္တိ နာမ" လက်တွေ့ ကျင့်သုံးမှု ပဋိပတ္တိ ဆုတ်ယုတ်ပြီ ဆိုရင် မကျင့်သုံးတဲ့ ပုဂ္ဂိုလ်တွေဟာ ဆုတ်ယုတ်နစ်နာ ဆုံးရှုံးကြသည် မည်တယ်တဲ့၊ ဘုန်းကြီးတို့ မြန်မာပြည်မှာ ဘယ်လောက် ဆုံးရှုံးနေသလဲဆိုတာ ကြည့်ပေါ့၊ ဘုန်းကြီးတို့ ရဟန်းတော်တွေမှာလဲ ဘယ်လောက် ဆုံးရှုံးနေတယ် ဆိုတာ ကြည့်ပေါ့၊ ဘုန်းကြီးကိုယ်တိုင်က သီလကျင့်နည်းမှန် မသိဘူး သီလမရှိဘူး ဆိုရင် ဒီသီလ ဘုန်းကြီး မပိုင်ဘူး၊ မပိုင်ဘူးဆိုရင် ဘုန်းကြီး ဆုတ်ယုတ် ပြီပေါ့၊ ဆုံးရှုံးနစ်နာသွားပြီပေါ့၊ လူဖြစ်ရကျိုးမနပ် တော့ဘူး၊ သာသနာတော်ကြီးနဲ့ တွေ့.ကြုံရကျိုး မနပ်ဘူး၊ သီလလောက်တော့ ရှိတယ်၊ စိတ်ကို သတိပဋ္ဌာန်နည်းနဲ့ မပြုပြင်ဘူး ဆိုလို.ရှိရင် စိတ်တွေ တောင်ရောက် မြောက်ရောက်နဲ့ ယောက်ယက်ခတ် နေမှာပေါ့။

http://www.dhammadownload.com

အဲဒီလိုဆိုရင် စိတ်ပိုင်းဆိုင်ရာမှာ ဘုန်းကြီး ပျက်စီးနေတာပဲ၊ စိတ်ပိုင်းဆိုင်ရာက ထိုက်သလောက်တော့ ရှိပါရဲ့၊ ဒါပေမယ့်လို့ ရုပ်နာမ် ပိုင်းခြားသိမှုကအစ အသိဉာဏ်လေးတွေ မပွင့်ဘူးဆိုရင် မရှိဘူးဆိုရင် မဟုတ်တာတွေ စွဲထားတဲ့ အစွဲတွေက မပျောက်ဘူး၊ တစ်သက်လုံး တစ်ဘဝလုံး တစ်သံသရာလုံးက စွဲလာတာ ရုပ်နာမ်ကို ပုဂ္ဂိုလ်သတ္တဝါ ထင်ကာ ဗြဟ္မာကြီးလေးယောက်ကပဲ လူ့ပြည်လောကကို ဆင်းပြီး လူတွေ ပေါက်ဖွားပေးတယ်ဆိုတဲ့ အစွဲတွေ၊ မြေတယ်၊ ကောင်းစားချမ်းသာတယ်၊ ဘာမဆို ကိုယ့်အလိုအတိုင်း ဖြစ်တာပဲဆိုတဲ့ အစွဲတွေ မပျောက်ဘူး၊ အဲဒီအစွဲတွေ မပျောက်သမျှ ကာလပတ်လုံး ဒီပုဂ္ဂိုလ်ဟာ အဲဒီအစွဲတွေ နောက်လိုက်ပြီးတော့ မှားတော့တာပဲ၊ မှားလို့ရှိရင် ပျက်စီးတာပဲ၊ ဆုံးရှုံးတာပဲ၊ ပဋိပတ္တိဆုတ်ယုတ်ပြီဆိုရင် သတ္တဝါတွေဟာ သာသနာမပိုင်တဲ့အတွက် သာသနာမဲ့ နေတဲ့အတွက် အကုန်လုံး ဆုတ်ယုတ် နစ်နာသွားကြသည်တဲ့။

အဲဒါတွေ မဖြစ်ရအောင် ဆိုပြီး ခုန စောစောပိုင်းက ဆရာတော်ကြီးက သူ့ထံ လာရောက်ပြီး ဖူးမြော်တဲ့ ကိုယ်တော်တွေကို "ကိုယ်တော်တို့၊ မောင်ပဉ္စင်းတို့၊ သာသနာပိုင် ဖြစ်အောင် ကြိုးစားကြ"လို့ ဒါကို

http://www.dhammadownload.com

ရည် ရွယ် ပြော တာ၊ ရွှေ ဥ မင် ဆ ရာ တော် ဘု ရား ကြီး လည်း ပဲ ဘုန်း ကြီး လွန် ခဲ့ တဲ့ (၁၂)နှစ် လောက် က မဟာ ဗောဓိ တော ရ စခန်း မှာ နေ စဉ် ကာ လ က အဲ ဒီ ဆ ရာ တော် ဘု ရား ကြီး မိန့် ကြား တဲ့ အ ချက် ကို တစ် ဆင့် ဆင့် ပွား ဘုန်း ကြီး ကို အ မိန့် ရှိ ခဲ့ တာ ဘယ် တော့ မှ မ မေ့ ဘူး၊ နား ထဲ မှာ ကြား ယောင် နေ ဆဲ ဖြစ် ပါ တယ်၊

မြတ် စွာ ဘု ရား က မိန့် ကြား ထား တယ်။

“မ ယုဉ် ဥ ပဋ္ဌိ ပ တ္တိ က ထ န မေ ဝ ဘာ ရော” တဲ့၊ ချစ်သား တို့၊ ငါ ဘု ရား ရဲ့ တာ ဝန် က တော့ ကျင့် နည်း အ မှန် ကို တိ တိ ကျ ကျ ဟော ပေး ဖို့ ပဲ တဲ့။

“ပဋ္ဌိ ပ တ္တိ ပ္ပ ရ ဏံ ပန ကု လ ပု တ္တာ နံ ဘာ ရော”- လက် တွေ့ အ ကျင့် ဖြည့် ဆည်း မှု အ လုပ် လက် တွေ့ အား ထုတ် မှု အ လုပ် ဆို တာ ကု လ ပု တ္တ- အ မျိုး ကောင်း သား အ မျိုး ကောင်း သ မီး များ ရဲ့ တာ ဝန် ပဲ တဲ့၊ အ မျိုး ကောင်း သား အ မျိုး ကောင်း သ မီး ဆို တာ ဟို ခေတ် က တော့ ဇာတ် မြင့် တဲ့ ပုဂ္ဂိုလ် တွေ ကို “ဇာ တိ ကု လ ပု တ္တ” လို့ ခေါ် ပါ တယ်၊ အ ကျင့် စာ ရိ တ္တ ကောင်း ကြ တဲ့ ပုဂ္ဂိုလ် တွေ ကို “အာ စာ ရ ကု လ ပု တ္တ” လို့ ခေါ် ပါ တယ်၊ အ ကျင့် ကောင်း တဲ့ အ မျိုး ကောင်း သား အ မျိုး ကောင်း သ မီး ဖြစ် မှ လည်း အား ထုတ် ဖြစ် ပါ တယ်၊ တ က ယ် အား ထုတ်

http://www.dhammadownload.com

မိတ့ဲ ပုဂ္ဂိုလ်များရဲ့ တာဝန်ကတော့ လက်တွေ့ ကျင့်သုံးမှု ပဲ။ မြတ်စွာဘုရားက သူ့တာဝန် ကိုယ့်တာဝန် ခွဲခြားပြီး ပြသွားပါတယ်၊ "အနုကမွကဿ သတ္ထုကိစ္စံ၊ ယဒိဒံ အဝိပရိတမမွဒေသနာ" တိတိကျကျ လက်တွေ့ကျင့်သုံး တတ်အောင် ကျင့်နည်းမှန်တွေ ဟောပြောမှုကတော့ သင်ချစ်သားတို့ အပေါ်မှာ ကြင်နာသနားတဲ့ ဘုရားရဲ့ ကိစ္စတဲ့၊ အဲဒီ နောက်ပိုင်းမှာ လက်တွေ့ကျင့်သုံးရမယ့် တာဝန်ကတော့ သာဝကများရဲ့ ကိစ္စပဲတဲ့၊ ကိုယ့်တာဝန် တွေ အများကြီးရှိနေပါတယ်။

သာသနာပိုင်ဖြစ်အောင် ဘယ်လိုလုပ်ကြမလဲ၊ ဒီအဖွင့်လေးတွေကို ဘုန်းကြီးက သိရတော့ သိပ် သဲ့ဝဲဂ ဖြစ်ပါတယ်၊ သြော်...ငါတို့ တစ်တွေတော့ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနဲ့ လူ့အဖြစ်နဲ့ သာသနာတော်ကြီးနဲ့ ကံကြိုက်ပါလျက်နဲ့ သာသနာနဲ့ မနီးစပ်ရတာဟာ သိပ်ဝမ်းနည်းစရာ ကောင်းတယ် ဆိုတာပေါ့လေ၊ ဘုန်းကြီးတွေမှာ သာသနာပိုင် ဖြစ်နိုင်လောက်တဲ့ အရည်အသွေးတွေ အခွင့်အရေးတွေ သာပါလျက်သားနဲ့ သာသနာပိုင် မဖြစ်တာကတော့ သိပ်ဝမ်းနည်းစရာ ကောင်းတယ်။

http://www.dhammadownload.com

ကိုယ်က သာသနာပိုင် ဖြစ်အောင် ကြိုးစားထားလို့ သာသနာ့အနှစ်သာရ သိပြီဆိုရင် ကိုယ့်ကိုယ်ကို လည်းပဲ မြတ်နိုးတယ်၊ တန်ဖိုးထားတယ်၊ ကိုယ်နဲ့နီးစပ်ရာ ပုဂ္ဂိုလ်တွေကိုလည်း မြတ်နိုး တန်ဖိုးထားမယ်၊ အဲဒီလို တန်ဖိုးထားတဲ့ စိတ်နဲ့ တစ်ဦးက အစ တစ်ရာစသည်ဖြင့် ဆင့်ပွားတွေ ဖြစ်သွားနိုင်တယ်၊ အဲဒီလိုဆိုရင် ဒီကိုယ်ပိုင်သာသနာဟာ အားထုတ်တဲ့ ပုဂ္ဂိုလ်အများစုမှာ ပိုင်ပြီးတော့ ဒီသာသနာ အဓွန့်ရှည်မယ်တဲ့၊ တာရှည်ခံမယ်တဲ့။

အဲဒီတော့ မြတ်စွာဘုရားရဲ့ သာသနာတော်ဟာ တာရှည်ခံဖို့အတွက် သာသနာကို ကြည်ညိုကြတဲ့ ပုဂ္ဂိုလ်တွေ အားလုံးမှာ တာဝန်ရှိပါတယ်၊ အားလုံး တာဝန်ရှိတာကို ပေါ့ပေါ့ဆဆ နေလို့ မဖြစ်ပါဘူး၊ ငါတို့နဲ့ မဆိုင်ဘူးလို့ မတွက်ရဘူး၊ အားလုံးမှာ တာဝန်ရှိတယ် ဆိုတဲ့ အသိစိတ် ရှိပြီး ကိုယ်စီကိုယ်စီ သာသနာပိုင်ဖြစ်အောင် ကြိုးစားလို့ အနည်းဆုံး တစ်မဂ် တစ်ဖိုလ် ရသွားပြီဆိုရင် စိတ်ချရပြီပေါ့။

ရဟန္တာ မဖြစ်သေးသည့်တိုင်အောင်တောင်မှ သာသနာ့နယ်ထဲမှာ အရိယာ အဆင့် ရောက်သွားပြီဆိုရင် ထိုက်သလောက်တော့ သာသနာပိုင်သွားပြီ၊ အဲဒီ

http://www.dhammadownload.com

သာသနာပိုင်တဲ့ ပုဂ္ဂိုလ်မှာ ဂရှိထားတဲ့ သာသနာဟာ ဘယ်တော့မှ လက်လွတ်ပြီး ဆုံးရှုံးနစ်နာ မှေးမှိန်ပြီး ပျောက်ကွယ်မသွားတော့ဘူး၊ ဒီဘဝကစပြီး ဘဝ အဆက်ဆက် တစ်ခါတည်း ရဟန္တာဖြစ်တဲ့အထိပိုင် သွားပြီ၊ အဲဒီလိုဆိုရင် အခုကာလ လူတွေအတွက်လည်း အကျိုး မရှိနိုင်ဘူးလား၊ (ရှိနိုင်ပါတယ်ဘုရား)၊ နတ်တွေ အတွက်ရော အကျိုးမရှိနိုင်ဘူးလား၊ (ရှိနိုင်ပါတယ်ဘုရား)။

အဲဒါကြောင့် "တဒဿ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ" ဆိုပြီး ဆင့်ဟား အကျိုး မြတ်စွာဘုရား ကိုယ်တိုင် မိန့်မှာထားတယ်၊ မိန့်မှာထားတဲ့အတိုင်း ဘုန်းကြီးတို့ရဲ့ အနန္တကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးက

"လူနတ်တို့မှာ၊ ကျိုးချမ်းသာ၊ များစွာ ဖြစ်စေပါလိမ့်မည်"တဲ့။

အစီးအပွားနဲ့ အကျိုးဆိုတာ အစီးအပွားဖြစ်ပါမှ အကျိုးအမြတ် ဖြစ်တာပါ၊ ဘဝအတွက် အာမခံချက် ရဖို့ရာ တစ်နည်း သာသနာပိုင် ဖြစ်ဖို့ရာ တကယ့် အစီးအပွားကတော့ ကျင့်နည်းမှန်တွေပဲ၊ ကျင့်နည်းမှန်အတိုင်း ကျင့်လို့ရှိရင် အကျိုးတွေ

http://www.dhammadownload.com

ဖြစ်လာလိမ့်မယ်၊ အားထုတ်လို့ ရှိရင် သီလ သမာဓိ ပညာ မိမိရဲ့ တကယ့် အစီးအပွားအစစ်အမှန် ဖြစ်လာလိမ့်မယ်။

ကျန်တဲ့ စားဝတ်နေရေးအရ လူနေမှု အဆင့်အတန်း မြင့်မြင့်နဲ့ နေဖို့ အလုပ်ကြိုးစားရတာက လောကအမြင်အားဖြင့် အကျိုးစီးပွားလို့ ဆိုရမှာပဲ၊ ဒါပေမယ့်လို့ အဲဒါတွေက တစ်ဘဝစာ တစ်ခဏစာပဲ၊ တကယ့် အကျိုးစီးပွား အစစ်အမှန် မဟုတ်သေးဘူး၊ ကိုယ့်ဟာလို့ ထင်မှတ်ထားပေမယ့် အခြောင်းအမျိုးမျိုးကြောင့် ပျက်စီးသွားနိုင်တယ်၊ ကိုယ်မပိုင်တဲ့ အနေအထားအထိ ဖြစ်သွားနိုင်တယ်၊ ပစ္စည်းရှိရာကနေ ပစ္စည်းမဲ့ရာလည်း ဖြစ်သွားနိုင်တယ်၊ မပိုင်ဘူး။

သီလ သမာဓိ ပညာအကျင့်တရားတွေကို အားထုတ်ထားလို့ ပိုင်ပြီဆိုရင် အဲဒါကမှ တကယ့်စီးပွား အစစ်အမှန် ဖြစ်ပါတယ်၊ လူတွေ နတ်တွေ အကုန်လုံးမှာ အကျိုးစီးပွား အစစ်အမှန် ဖြစ်သွားမယ်၊ အဲဒါကို ကျေးဇူးရှင်ဆရာတော် ဘုရားကြီးက

"လူနတ်တို့မှာ၊ ကျိုးချမ်းသာ၊ များစွာ ဖြစ်စေပါလိမ့်မည်"တဲ့၊ အဲဒီလို အကျိုးစီးပွား ဖြစ်စေနိုင်တဲ့ တရားကတော့ ဒီလို ဟောထားပါတယ်၊

http://www.dhammadownload.com

"ဖြစ်စေရာငြား၊ ထိုတရား၊ ဟောကြားဤသို့ မှတ်"။ စီးပွားတွေ တက်စေနိုင်တဲ့ အကျိုးတွေ ဖြစ်ထွန်းစေနိုင်တဲ့ တရားကတော့ ဟောဒီလို ဟောထားပါတယ်တဲ့။

'သတိပဋ္ဌာန်၊ သမ္မပ္ပဓာန်၊ လေးတန်ကုဒ္ဓိပါဒ်။
ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ခုနစ်ပါး ဗောဇ္ဈင်မြတ်။
မဂ္ဂင်ရှစ်သွယ်၊ ကျင့်သုံးဖွယ်၊ သုံးဆယ်ခုနစ်မှတ်။'

သတိပဋ္ဌာန် ဆိုတာက အာရုံထဲမှာ စွဲစွဲမြဲမြဲတည်နေတဲ့ သတိကို သတိပဋ္ဌာန် ခေါ်ပါတယ်၊ သမ္မပ္ပဓာန် လေးပါးဆိုတာက 'ကြာခြင်ရိုးရေ၊ ကြွင်းစေလေ၊ ကုန်စေသားအသွေး၊ အသက်ကိုမျှ၊ မညှာရ၊ သမ္မပ္ပဓာန်လေး' ဆိုတဲ့ အဆိုအမိန့်အရ အသက်ကို ပဓာနမထားဘဲ တရားရရင် ပြီးရော ဆိုပြီး စွန့်စားအားထုတ်မှုမျိုးပါပဲ၊ ရဲရဲရင့်ရင့်နဲ့ အားထုတ်ရတာမျိုးဟာ အရေးကြီးတယ်၊ မဖြစ်သေးတဲ့ အကုသိုလ်တွေ မဖြစ်စေဖို့ ၊ ဖြစ်ပြီးသား အလားတူ အကုသိုလ်တွေ ပယ်နိုင်ဖို့၊ မဖြစ်သေးတဲ့ ကုသိုလ် တရားတွေ ဖြစ်စေဖို့၊ ဖြစ်လက်စ ကုသိုလ် တရားတွေလည်းပဲ ပြည့်စုံ ကျေနပ်လောက်တဲ့ အထိ ကြီးထွားပွားလာဖို့ ရဲရဲရင့်ရင့်နဲ့ အားထုတ်ရတဲ့ တရားကို သမ္မပ္ပဓာန် ခေါ်ပါတယ်။

http://www.dhammadownload.com

နောက်ကွဒ္ဓပါဒ် လေးပါး၊ စီးပွား ပြီးစီးအောင် မြင်ခြင်း၊ အခြေခံတရား၊ တွေပါ၊ ကွန်ဒြိယ ကြီးစိုးတရား ငါးပါးက သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာပါ၊ ဗိုလ်ငါးပါး ဆိုတာက စွမ်းအင်တွေပါ၊ စိတ်ထဲမှာ စွမ်းအင်တွေ ရှိပါတယ်၊ သဒ္ဓါစွမ်းအင်၊ ဝီရိယစွမ်းအင်၊ သတိစွမ်းအင်၊ သမာဓိစွမ်းအင်၊ ပညာစွမ်းအင်ပါ၊ သဒ္ဓါစွမ်းအင် ဆိုတာ တကယ် စွဲစွဲမြဲမြဲ ယုံကြည်တာ၊ တကယ် ဘုရားကို ကိုယ်ကိုယ်တိုင် ယုံကြည်တာ၊ ကျင့်နည်းမှန်တွေ ယုံကြည်တာ၊ ကျင့်လို့ ရရှိတဲ့ တရားတွေအပေါ် ယုံကြည်တာ၊ အဲဒီယုံကြည်စွမ်းအားတွေ ဝင်လာကြပြီ ဆိုရင် အကုသိုလ်တွေ ရှောင်ရှားရဲတဲ့ သတ္တိ ရှိတာ၊ ကုသိုလ်တွေ ပွားရဲတဲ့ သတ္တိရှိတာ၊ စွန့်စားရဲတဲ့ သတ္တိ ရှိတာ၊ သတိစွဲမြဲတာ၊ စိတ်စုစည်းမှုတွေ အားကောင်းတာ၊ အသိဉာဏ်တွေ အခြေခံကစပြီး အဆင့်ဆင့် ဖြစ်လာတာဟာ စိတ်စွမ်းအင်တွေပဲ၊ အဲဒီစွမ်းအင်တရားတွေ စိတ်အစဉ်မှာ ရောက်လာပြီ ဆိုရင် စိတ်ဟာ သိပ်အားရှိတာ၊ ပြီးတော့ ဗောဓျင်တရား – အရိယာမဂ်ဉာဏ်ရဲ့အင်္ဂါတွေ မဂ္ဂင်ရှစ်ပါးတရားတွေ အကုန်လုံး မြတ်စွာဘုရား ကိုယ်တိုင် သရုပ်ထုတ်ပြီး ဟောပါတယ်။

http://www.dhammadownload.com

အဲဒါတွေက ဗောဓိပက္ခိယတရား (၃၇)ပါးပဲ၊ လိုရင်းကတော့ သတိပဋ္ဌာန်တရား ပွားလို့ရှိရင် အကုန်လုံး ပါလာတာပါပဲ၊ ကိုယ်အမှုအရာပဲ ဖြစ်ဖြစ် ခံစားမှုဝေဒနာပဲ ဖြစ်ဖြစ် စိတ်အမှုအရာပဲ ဖြစ်ဖြစ် အထွေထွေအမှုအရာပဲ ဖြစ်ဖြစ် တစ်ခုခုကို ရှုမှတ်ရတာပဲ၊ စွဲစွဲမြဲမြဲမှတ်ဖို့အတွက် ဝီရိယ စိုက်လိုက်တာပါပဲ၊ တစ်ခါ တစ်ခါ ဆန္ဒပြင်းပြပြီး လုပ်ရတာ ရှိတယ်၊ စိတ်အားထက်သန်ပြီး လုပ်ရတာ ရှိတယ်၊ တစ်ခါ တစ်ခါ ဝီရိယထက်သန်ပြီး လုပ်ရတာ ရှိတယ်၊ ပြုလုပ်ဖန်များပြီဆိုရင် နောက်တော့ တရားသဘောလေးတွေ တွေ့လာတဲ့အခါမှာ တွေ့ရှိသလောက် လက်ခံလာတယ်၊ ယုံကြည်လာတယ်၊ အတည်ပြုလာတယ်၊ သဒ္ဓါတရားတွေ ဖြစ်လာတယ်၊ ဉာဏ်တက်သလောက် သဒ္ဓါတရား ဖြစ်လာတယ်၊ သိပ်ကိုလည်း ရဲရင့်လာတယ်၊ သိပ်ကိုလည်း သတိကောင်းလာတယ်၊ သိပ်ကိုလည်း စိတ်စုစည်းမှု သမာဓိကောင်းလာတယ်၊ ပိုင်းပိုင်းခြားခြား အသေးအဖွဲ့လေးတွေလည်း သိလာတာပဲ၊ စိတ်စွမ်းအားတွေ ဖြစ်လာပြီ၊ ကြီးစိုးနိုင်လာပြီ၊ ဗောဇ္ဈင်တရားတွေလည်း အထူးသဖြင့် ဥဒယဗ္ဗယဉာဏ်ပိုင်းလောက် ရောက်လာပြီဆိုရင် ပြည့်ပြည့်စုံစုံ ဖြစ်လာတာပဲ၊ အင်မတန် အံ့သြစရာကောင်းတာပဲ။

http://www.dhammadownload.com

သတိပဋ္ဌာန်ဘာဝနာတရား ပွားနေလို့ရှိရင် အားလုံးတရားတွေ ဒီအထဲမှာ အကျုံးဝင်နိုင်တာပဲတဲ့၊ များများအထူးပွားဖို့ မလိုပါဘူး၊ ကဲ- ဆိုရအောင်- 'သတိပဋ္ဌာန်၊ ပွားစေက၊ ဓမ္မအားလုံး ပြည့်နိုင်သည်။'

ပေါ်တာ ရှုပါပဲ၊ ရှုအားသန်သွားတဲ့အခါ ဒီထဲမှာ မြတ်စွာဘုရားအဆုံးအမ ပြည့်စုံလာတော့တာပဲ။

"ယေသံ ကေသဉ္စိ ဘိက္ခဝေ စတ္တာရော သတိပဋ္ဌာနာ ဝိရဒ္ဓါ ၊ ဝိရဒ္ဓေါ တေသံ အရိယော မဂ္ဂေါ သမ္မာ ဒုက္ခက္ခယဂါမိ"၊ "ယေသံ ကေသဉ္စိ ဘိက္ခဝေ စတ္တာရော သတိပဋ္ဌာနာ အာရဒ္ဓါ၊ အာရဒ္ဓေါ တေသံ အရိယော မဂ္ဂေါ သမ္မာ ဒုက္ခက္ခယဂါမိ"။ (မဟာဝဂ္ဂ သံယုတ်၊ သတိပဋ္ဌာနသုတ်၊ ၁၅၇)

သတိပဋ္ဌာန်တရားလေးပါး မပွားမိဘဲ လွဲချော်သွားတဲ့ ပုဂ္ဂိုလ်တွေမှာ မဂ္ဂင်ရှစ်ပါး အကျင့်တရားလည်းပဲ လွဲချော်ပြီ။ မပြည့်စုံတော့ဘူး။

သတိပဋ္ဌာန်တရားလေးပါးကို ဆရာ့ထံ နည်းခံပြီးတော့ ပြည့်စုံကျေနပ်လောက်တဲ့အထိ အချိန်ယူပြီး အားထုတ်တဲ့ ပုဂ္ဂိုလ်မှာ မဂ္ဂင်ရှစ်ပါး အကျင့်တရား ပြည့်စုံပြီတဲ့၊ မဂ္ဂင်ရှစ်ပါး အကျင့်တရားကို သုံးပုံ ပုံလိုက်လို့ရှိရင်

http://www.dhammadownload.com

သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ-မှန်စွာ ပြော၊ မှန်စွာလုပ်၊ မှန်စွာ အသက်မွေး ဆိုတဲ့ သီလဆိုင်ရာ မဂ္ဂင်သုံးပါး ပါသွားတယ်၊ ပြီးတော့ ပေါ်တဲ့ အာရုံကို မလွတ်တမ်း မှတ်နိုင်ဖို့ရာအတွက် ရဲရဲရင့်ရင့် အားစိုက်တဲ့ ဝီရိယ ပါသွားပြီ၊ ကြောင့်ကြစိုက်ပေးတော့ စွဲမြဲတဲ့ သတိတွေ ပါသွားပြီ၊ စွဲစွဲမြဲမြဲ မှတ်မိလို့ မှတ်မိရာ ရှုကွက်ထဲ စိတ်ကလေး စိုက်ကျသွားပြီ၊ ဝီရိယ သတိ သမာဓိ ခေါ်တဲ့ သမာဓိဆိုင်ရာ မဂ္ဂင် ပါသွားပြီ၊ အာရုံနဲ့ မှတ်စိတ် တည့်ပြီးတော့ သဘောမှန်လေးတွေ အခြေခံကစပြီး အဆင့်ဆင့် သိသွားပြီဆိုရင် ပညာဆိုင်ရာ မဂ္ဂင်နှစ်ပါးလည်း ပါသွားပြီ၊ သီလရော သမာဓိရော ပညာရော အကုန်လုံး ပါသွားပြီ၊ စုံသွားပြီ။

ဘုန်းကြီး ပြောရတာက နည်းနည်းလေးပါ၊ ဆရာတော်ကြီးကို အမှီပြုရတဲ့ ပုဂ္ဂိုလ်တွေဟာ အားထုတ်လို့ သိတာတွေက အများကြီးပါ၊ ပေါ်တာကို ရှုရင်း ရှုရင်းကပဲ သိသိ သိသိ နေတာက ဘုရားအဆုံးအမပဲ၊ အဲဒါ သာသနာပဲ၊ တစ်ချက် ရှုလိုက်လို့ရှိရင် တစ်ချက် သာသနာ တည်သွားတယ်၊ နှစ်ချက် ရှုလိုက်ရင် နှစ်ချက် တည်သွားတယ်၊ သီလသာသနာ သမာဓိသာသနာ ပညာသာသနာ အကုန်လုံး တည်သွားတယ်၊ တစ်

http://www.dhammadownload.com

မိနစ်မှာ စက္ကန့်ပေါင်း (၆၀) ဆိုတော့ တစ်စက္ကန့် တစ်ကြိမ်ကျနဲ့ တွက်လို့ရှိရင် တစ်မိနစ်အတွင်းမှာ အကြိမ်ပေါင်း (၆၀) ကိုယ်ပိုင်သာသနာ တည်သွားတယ်၊ ငါးမိနစ်ဆိုရင် (၃၀၀), တစ်နာရီဆိုရင် (၃၆၀၀) သာသနာ့တည်သွားတယ်။

အဲဒီဘုရားအဆုံးအမ ကျင့်တဲ့ ပုဂ္ဂိုလ်မှာ တည်နေတာပဲ၊ ရောက်နေတာပဲ၊ ပြည့်စုံနေတာပဲ၊ ကျင့်တဲ့ ပုဂ္ဂိုလ်ပိုင်နေတာပဲ၊ အဲဒါသာသနာပိုင်ပဲ၊ အဲဒီလို သာသနာပိုင် ဖြစ်အောင် လုပ်ရမှာ၊ "ရှုမှတ်လျက်သား၊ သိနေငြား၊ ဘုရားအဆုံးအမ ဖြစ်ပါသည်" တဲ့၊ အဲဒီလို မြတ်စွာဘုရားက မဟာဝုန်တော ကူဋဒန္တာဂါရ ကျောင်းတိုက်မှာ သံဃာတော်တွေကို ဆုံးမပါတယ်၊ နောက်ပြီးတော့ အပပမာဒေန သမ္မာဒေထလို့ အမိန့်ရှိပါတယ်၊ အပပမာဒေန- မမေ့မလျော့ခြင်းဟူသော သတိတရားဖြင့်၊ သမ္မာဒေထ- သိက္ခာသုံးဝ မကျန်ရအောင် လုံးဝအကုန် ပြည့်စုံပြီးစီးစေကြကုန်လော့တဲ့၊ မမေ့ကြနဲ့ ဆိုတာပါပဲ၊ မမေ့ကြနဲ့ဆိုတာ ရှောင်ရှားသင့်တဲ့ အချက်တွေ ရှောင်ရှားဖို့ တာဝန်တွေ မလစ်ဟင်း မပျက်ကွက်ကြနဲ့၊ အဓမ္မလမ်းကြောင်းကို မလိုက်ဘဲနဲ့ ရှောင်ရှားပြီးတော့ တာဝန်တွေ မပျက်ကွက်ကြနဲ့၊ ဓမ္မလမ်းကြောင်းကို

http://www.dhammadownload.com

မှန်မှန်လျှောက်ပြီး စခန်း မှန်ရောက်ရေးအတွက် ဦးတည်ပြီး လမ်းမှန်လျှောက်ဖို့ မပျက်ကွက်ကြနဲ့တဲ့။

ရွှေဥမင်ဆရာတော်ဘုရားကြီးကလည်း မိမိကို မှီခိုနေတဲ့ ပုဂ္ဂိုလ်တွေကို မမေ့ကြနဲ့လို့ အမိန့်ရှိသွားမှာ ပါပဲ၊ သူ့တပည့်လေးတစ်ယောက်ကို နာမကျန်းလို့ အနီးကပ် လာမေးတဲ့အခါမှာ ဒီလို နာမကျန်းဖြစ်လို့ရှိရင် ခံနိုင်ရည် ရှိဖို့ရန်အတွက် ကြိုတင်ပြီး ကျင့်သုံးထားရ တယ်နော်တဲ့၊ ဟုတ်တယ်၊ ကြိုတင်ပြီး ကျင့်သုံးမထားဘူး ဆိုရင် ရောဂါတွေ ဖြစ်လာတဲ့အခါ "ငါ့နယ်နော်၊ ဟိုတုန်းက အကောင်းသားပဲ၊ အခုတော့ ဘယ်လို ဖြစ်လာပြီ" လို့ ဖြစ်လာတဲ့ ရောဂါကို အကြောင်းပြုပြီး မကျေမနပ် ဖြစ်ပြီး စိတ်တွေ ဆိုးလာတယ်၊ ခန္ဓာကိုယ်ရဲ့ သဘောကို ကြိုတင် သိနားလည်ထားတော့ မမြဲပုံတွေ ဆင်းရဲပုံတွေ ကိုယ့်သဘောအတိုင်း မဖြစ် သူ့သဘော အတိုင်း သူဖြစ်ပုံတွေ သိထားပြီဆိုရင် သန့်ရှင်းတဲ့ စွမ်းအားကောင်းတဲ့ စိတ်တွေ ရှိထားတော့ လောဘ ဒေါသဇာတ်ကို လွှမ်းမိုးနိုင်တယ်၊ အသိဉာဏ်တွေ ဖြစ်ထားတော့ စိတ်ဟာ ရင့်ကျက်တယ်၊ စိတ်တွေ သန့်ရှင်းတည်ငြိမ်ပြီး အားကောင်းပြီဆိုရင် လောဘ ဒေါသဖြစ်စရာ အာရုံနဲ့ ဆုံနေပေမယ့် အဲဒါတွေကို

http://www.dhammadownload.com

ကျော်သွားနိုင်ပါတယ်၊ အသိညာဏ်တွေ ဖြစ်လို့ စိတ်က ရင့်ကျက်လာပြီဆိုရင် ကောင်းဆိုးလောကဓံနဲ့ ကြုံတွဲ့အခါမှာ မဖြိုဘူး၊ ဘက်မျှစွာ နေနိုင်တယ်၊ ဒီလို အဆိုးနဲ့ ကြုံတွဲ့အခါ ခံနိုင်ရည် ရှိဖို့အတွက် ငါ့တပည့် ကျင့်ထားလို့ ဆရာတော်ကြီးက မှာသွားတယ်တဲ့၊ သိပ်ကောင်းတယ်၊ ကျင့်ထားကြပါ၊ ခံနိုင်ရည် ရှိဖို့ရာအတွက် ကျင့်ထားကြပါ၊ သိပ်အရေးကြီးပါတယ်၊ အဲဒီတော့ 'မမေ့ကြနဲ့'တဲ့၊

"မမေ့ဘဲသာ၊ ရှုမှတ်တာ၊ သိက္ခာသုံးဝ ပြီးစေကြ"။

သိက္ခာသုံးဝ ပြီးမြောက်အောင် ဘယ်လို လုပ်မလဲ၊ ဘုန်းကြီးတို့ ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီးက -

"ပေါ်တိုင်းမပြတ်၊ ရှုမှတ်နေလျှင်၊ ရုပ်နာမ်နှစ်မျိုး၊ ကြောင်းကျိုးသိမြင်၊ မမြဲဆင်းရဲ၊ ဉာဏ်ထဲပေါ်လွင်၊ အနတ္တာ၊ သိရ နိဗ္ဗာန်ဝင်"လို့ ဆုံးမသြဝါဒပေးသွားခဲ့တယ်။

'ပေါ်တိုင်းမပြတ်'မှာ ပေါ်ဆိုတဲ့ စကားဟာ ဖြစ်တာပါပဲ၊ 'ဖြစ်တယ်'ဆိုတာ ထင်ရှားဖြစ်လာတာပဲ၊

http://www.dhammadownload.com

ဝိဝိပြင်ပြင် ဖြစ်လာတာပဲ၊ ဘာတွေ ဖြစ်လာသလဲ ဆိုတော့ ကိုယ်ထဲက နာမ်နှင့် ရုပ်တရားတွေ ဖြစ်လာတာ၊ ဆိုကြပါစို့. . .ထိုင်ရာကနေပြီး ထတော့မည့် အပြုမှာ ပထမဆုံး ထချင်တဲ့စိတ် ဖြစ်နိုင်တယ် မဟုတ်လား၊ (ဖြစ်နိုင်ပါတယ်ဘုရား၊) ထချင်တဲ့စိတ်ဟာ နာမ်လား၊ ရုပ်လား၊ (နာမ်ပါဘုရား)၊ ထိုင်ရာကနေ ထတော့မယ်ဆိုပြီး ထချင်တဲ့စိတ်ကလေး ဖြစ်လာတယ်၊ အဲဒါတွေကို မှတ်လိုက်တယ်၊ မှတ်ရင်း နာမ် သိမလား၊ ရုပ်သိမလား၊ (နာမ် သိမှာပါဘုရား)၊ နောက် တစ်ရစ်ချင်း တစ်ရစ်ချင်း ထထ, ထထ လာလိုက်တာ ကိုယ်ကြီးက ပေါ့ပေါ့ပြီး တက်လာတာ မရှိဘူးလား၊ (ရှိပါတယ်ဘုရား)၊ ဘာတက်လာတာတုံး၊ ရုပ်ကြီးက တက်လာတာ မဟုတ်လား၊ (မှန်ပါဘုရား)၊ ထဆဲခဏမှာ ဘာရှိသတုံး၊ (နာမ်နဲ့ ရုပ် ရှိပါတယ် ဘုရား)၊ နာမ်နဲ့ ရုပ် ဒီနှစ်ပါးပဲ ရှိတာ မဟုတ်လား၊ (မှန်ပါတယ်ဘုရား)၊အဲဒီလို ထဆဲကာလမှာ ထင်ရှားနေတာက တော့ နာမ်နဲ့ ရုပ်ပဲ၊ နာမ်နဲ့ရုပ် တွဲပြီး ဖြစ်နေတာကို သိချင်ရင် ထတာကို စိုက်မှတ်ရမယ်၊ နောက် သတိသမာဓိ အားကောင်းသွားတဲ့အခါမှာ ထချင်တဲ့ စိတ် အဆင့်ဆင့် နာမ်သဘောကိုလည်း သိနိုင်တယ်၊ ပြီးတော့ ထရုပ် အဆင့်ဆင့် ရုပ်သဘောကိုလည်း သိနိုင်တယ်

http://www.dhammadownload.com

မဟုတ်လား၊ ခုန ပေါ်တိုင်းဆိုတဲ့ စကားနေရာမှာ ထ ထည့်လိုက်ရင် ထတိုင်းမပြတ် ရှုမှတ်နေလျှင်၊ ထိုင် ထည့်လိုက်ရင် ထိုင်တိုင်းမပြတ် ရှုမှတ်နေလျှင်၊ လက်ခြေကွေးလို့ရှိရင် ကွေးတိုင်းမပြတ် ရှုမှတ်နေလျှင်၊ ဆန့်လို့ရှိရင် ဆန့်တိုင်းမပြတ် ရှုမှတ်နေလျှင်၊ ခြေကြွလို့ရှိရင် ကြွတိုင်းမပြတ် ရှုမှတ်နေလျှင်၊ လှမ်းတိုင်းမပြတ် ရှုမှတ်နေလျှင်၊ ချတိုင်းမပြတ် ရှုမှတ်နေလျှင်၊ ရပ်တိုင်းမပြတ် ရှုမှတ်နေလျှင် ဒီလို မဟုတ်လား၊ ကဲ –အဲဒီ နည်းလေး လုပ်ကြည့်စမ်းပါဦး–

"ထတိုင်းမပြတ်၊ ရှုမှတ်နေလျှင်၊ ရုပ်နာမ်နှစ်မျိုး၊ ကြောင်းကျိုးသိမြင်၊ မမြဲဆင်းရဲ၊ ဉာဏ်ထဲပေါ်လွင်၊ အနတ္တာ၊ သိရ နိဗ္ဗာန်ဝင်"။

ထတာလေးကို သေသေချာချာ စူးစိုက် မှတ်လို့ ရှိရင် နောက် သတိ သမာဓိ ဉာဏ်အား ထက်သန်သွားတဲ့အခါမှာ ထချင်တဲ့ စိတ် နာမ်တရားရယ် ထရုပ် အဆင့်ဆင့် ရုပ်တရားရယ် သိမလာဘူးလား၊ (သိလာပါတယ်ဘုရား)၊ ရုပ်နဲ့ နာမ် ကွဲလာတယ် မဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား)၊ အဲဒါရှုမှတ်လို့ ကွဲတာ မဟုတ်လား၊ (ဟုတ်ပါတယ် ဘုရား)၊ နောက်မှတ်ဖန်များလို့ရှိရင် ထချင်တဲ့စိတ် အဆင့်ဆင့်က အကြောင်းနာမ်

http://www.dhammadownload.com

တရား၊ ထတဲ့ ရပ်က အကျိုးရပ်တရား၊ အကြောင်းနဲ့ အကျိုး ဆက်စပ်ပြီး သိမလာနိုင်ဘူးလား၊ 'ထတိုင်း မပြတ်၊ ရှုမှတ်နေလျှင်၊ ရပ်နာမ်နှစ်မျိုး၊ ကြောင်းကျိုး သိမြင်' အကြောင်းနဲ့ အကျိုး တစ်ခါတည်း သိလာတာ။

နောက်ဆက်မှတ်နေပြီဆိုရင် သတိ သမာဓိ ဉာဏ်အားတွေ ထက်သန်တဲ့အခါမှာ ထချင်တဲ့ စိတ်ကလေး အဆင့်ဆင့် ပေါ်ပြီး ပျောက်သွားပုံ၊ ထရပ် အဆင့်ဆင့် ပေါ်ပြီး ပျောက်သွားပုံ၊ မမြဲတာ မသိနိုင်ဘူးလား၊ (သိနိုင်ပါတယ်ဘုရား)၊ မမြဲတာ သိလို့ရှိရင် ဆင်းရဲတာလည်း မသိနိုင်ဘူးလား၊ (သိနိုင်ပါတယ်ဘုရား)၊ ဒီထချင်တဲ့ စိတ်ဖြစ်ဆင့်ဆင့် အကြောင်းနာမ်တရားနဲ့ ထရပ်အဆင့်ဆင့် အကျိုးရပ်တရားတွေဟာ သူ့ဘာသာသူ ဖြစ်နေတာ၊ ဘယ်သူက လုပ်ပေးနေတာတုံး၊ ဘယ်သကြား, ဘယ်ဗြဟ္မာ, ဘယ်ထာဝရဘုရားက လုပ်ပေးနေတာတုံး၊ ကိုယ်ထဲက အသက်ရှိတဲ့အကောင်က လုပ်ပေး နေတာလား၊ (မဟုတ်ပါဘူးဘုရား)၊ အနတ္တပဲ၊ သူ့သဘောအတိုင်း သူ ဖြစ်နေတာ ဟုတ်တယ် မဟုတ်လား၊ (မှန်ပါတယ်ဘုရား)၊ အသက်ရှင်နေတဲ့ အကောင်လေးက လုပ်ပေးနေတာလည်း မဟုတ်ဘူး၊ ပရမအတ္တခေါ်တဲ့ ဗြဟ္မာကြီး ဖန်ဆင်းရှင်ကြီးက

http://www.dhammadownload.com

လုပ်ပေးနေတာလည်း မဟုတ်ဘူး၊ 'အနတ္တ'ဒီထဲမှာ အတ္တ မရှိဘူး ဆိုတာ ထင်ရှားနေတာပဲ၊ အတ္တ မဟုတ်ဘူး ဆုတာလည်း ထင်ရှားနေတယ်။

ပေါ်လာပုံ ပျောက်သွားပုံနဲ့ မမြဲပုံတွေ သိလာမယ်၊ ဆင်းရဲပုံတွေ သိလာမယ်၊ သူ့သဘောအတိုင်းသူ ဖြစ်ပုံတွေ သိလာမယ်၊ ဝိပဿနာဉာဏ်တွေ ဖြစ်လာတာပါ၊ ဝိပဿနာဉာဏ်တွေ ဖြစ်လာလို့ရှိရင် အခိုက်အတန့်တော့ ကိလေသာတွေ ငြိမ်းမနေဘူးလား၊ (ငြိမ်းနေပါတယ် ဘုရား)၊ အဲဒီလို တစ်အောင့်ငြိမ်းအောင် လုပ်နေရတာပဲ၊ အဲဒါတွေက သိက္ခာသုံးရပ် ပြီးစီးပုံ အကျဉ်းချုပ်ပဲ။

ထတော့မယ် အပြု ထချင်တဲ့ စိတ်ကလေးလည်း မှတ်မိတယ်၊ ထရပ် အဆင့်ဆင့်တွေလည်း မှတ်မိတယ်၊ အဲဒီမှာ ဓာတ်ခွဲကြည့်လိုက်လို့ရှိရင် ဒီထရပ် အဆင့်ဆင့်ကို မှတ်နိုင်ဖို့ရာအတွက် အားစိုက်တဲ့သဘောမပါဘူးလား၊ (ပါပါတယ်ဘုရား)၊ အားစိုတ်တာ ဝီရိယမဟုတ်လား၊ မှန်ကန်တဲ့ ဝီရိယလား၊ မမှန်ကန်တဲ့ ဝီရိယလား၊ (မှန်ကန်တဲ့ ဝီရိယပါဘုရား)၊ မှန်ကန်တဲ့ ဝီရိယဆိုတာ သမ္မာဝါယာမမဂ္ဂင် မဟုတ်လား၊ (မှန်ပါတယ်ဘုရား)၊ ထက်ထက်သန်သန်နဲ့ အားစိုက်

http://www.dhammadownload.com

ပေးတော့ ထချင်တဲ့စိတ် အဆင့်ဆင့် ထရပ်အဆင့်ဆင့် ရှုကွက်အာရုံမှာ ရှုမှတ်မှု ကပ်တည့်သွားတာက သမ္မာသတိမဂ္ဂင်ပဲ၊ စွဲမြဲစွာ ရှုမိရာ ရှုကွင်းမှာ စိုက်ကျသွားတာက သမ္မာသမာဓိမဂ္ဂင်ပဲ။

အားစိုက်တော့ သတိ ဖြစ်လာပြီးတော့ အဲဒီထဲမှာ စိတ်ကလေး စိုက်ကျသွားပြီဆိုရင် သဘောမှန်တွေသိလာတာ၊ ဒီထဲမှာ ဝီရိယလည်း ပါတယ်၊ သတိလည်း ပါတယ်၊ သမာဓိလည်း ပါတယ်၊ အာရုံနဲ့ မှတ်စိတ်နဲ့ ခွင်ကျတည့်နေတဲ့ သမ္မာသင်္ကပ္ပ ခေါ်တဲ့ ဝိတက်လည်း ပါတယ်၊ သိတာလည်း ပါတယ်၊ ငါးမျိုး ဖြစ်မသွားဘူးလား၊ (ဖြစ်ပါတယ်ဘုရား)၊ ဝီရိယ သတိ သမာဓိကို သမာဓိကွန္ဓ သမာဓိအုပ်စု၊ သမ္မာသင်္ကပ္ပ, သမ္မာဒိဋ္ဌိကို ပညာကွန္ဓ ပညာအုပ်စု၊ သမာဓိ ပညာ နှစ်ခု ပါမသွားဘူးလား၊ (ပါပါတယ်ဘုရား)။

ကိုယ်လုပ်လို့ ကိုယ်ရတာ ဖြစ်တော့ အဲဒီသမာဓိသိက္ခာနဲ့ ပညာသိက္ခာ (တစ်နည်း) သမာဓိသာသနာနဲ့ ပညာသာသနာ ဘယ်သူ ပိုင်သတုံး၊ လုပ်သူပဲ ပိုင်တာ မဟုတ်လား၊ နဂိုက သီလပြည့်စုံပြီးသား ဖြစ်တော့ သီလသာသနာလည်း ပိုင်သွားပြီ၊ တစ်နည်း အားဖြင့် သမာဓိသိက္ခာနဲ့ ပညာသိက္ခာ ဖြစ်နေဆဲမှာ

http://www.dhammadownload.com

ရှောင်ရှားလိုတဲ့ စေတနာသီလတွေ အပြည့်ပါနေတယ်၊ ဒီနည်းအရ ကျင့်နည်းမှန်နဲ့အတူ သီလ သမာဓိ ပညာ သုံးမျိုး ပိုင်သွားတာ၊ အဲဒါသာသနာ ပိုင်ပဲ။

ရှေးရှေးက ဆရာတော်ကြီးများ 'သာသနာပိုင် ဖြစ်အောင် ကြိုးစားပါ' လို့ အမိန့်ရှိသွားတာ ဒါကို ရည်ရွယ် ပြောတာ၊ စံလွန်တော်မူတဲ့ ကျေးဇူးရှင် ရွှေဥမင် ဆရာတော်ဘုရားကြီးလည်း လွန်ခဲ့တဲ့ (၁၂)နှစ်က ဘုန်းကြီးကို တောထဲမှာ အနားယူနေစဉ်မှာ လာရောက် ပြီးတော့ နောင်တော်ကြီးတစ်ပါးအနေနဲ့ရော တကယ့် သီတင်းသုံးဖော်ကောင်းတစ်ပါးအနေနဲ့ပါ အဲဒီ ဓမ္မ လက်ဆောင်ကို ပေးသွားတာ၊ အခုထိ အသည်းထဲမှာ စွဲနေတာ၊ အဲဒီတော့ သာသနာပိုင် ဖြစ်ချင်ကြရင် သီလသိက္ခာ သမာဓိသိက္ခာ ပညာသိက္ခာ သုံးပါး ပြည့်စုံ အောင် ပြုလုပ်ကြ၊ ပြည့်စုံသွားပြီဆိုရင် ဒီသာသနာ ကိုယ်ပိုင်တာပဲ။

ကိုယ်ပိုင်ပြီဆိုရင် ကိုယ်ပိုင်တဲ့ သာသနာ ဘယ်မှာ သွားတည်မလဲ၊ နှလုံးသားထဲမှာ တည်မယ် မဟုတ်လား၊ (မှန်ပါတယ်ဘုရား)၊ နှလုံးသားထဲမှာ သီလ သမာဓိ ပညာသာသနာ တည်လိုက်တာပဲ၊ အဲဒါ 'ဓမ္မစေတီ တည်တယ်' ခေါ်တယ်၊ စေတီတွေ အမျိုးမျိုး ရှိပါတယ်၊

http://www.dhammadownload.com

(၁) ဓာတုစေတီ

(၂) ပရိဘောဂစေတီ

(၃) ဥဒ္ဒိဿစေတီ

(၄) ဓမ္မစေတီ

'ဓာတုစေတီ' ဆိုတာက ဘုရားဓာတ်တော်တွေ ဌာပနာပြီး ပူဇော်ရန် တည်တဲ့ စေတီတဲ့၊ ဘုရား၏ အသုံးအဆောင် ပစ္စည်း တစ်ခုခုကို ဌာပနာပြီး တည်တဲ့ စေတီက "ပရိဘောဂစေတီ" ပါပဲ၊ ဘုရား၏ ရုပ်တု ထုလုပ်ပြီး ကိုးကွယ်ရတဲ့ စေတီက "ဥဒ္ဒိဿ စေတီ"ပါပဲ။

အဲဒီစေတီကို တည်တဲ့အခါ အုတ်ပါရမယ်၊ သဲပါရမယ်၊ ကျောက်ပါရမယ်၊ ရေပါရမယ်၊ ဘိလပ်မြေပါရမယ်၊ အဲဒီစေတီက တစ်နယ်မှာ တစ်ဆူပဲ တည်ရတာ၊ တည်ထားတဲ့ စေတီတောင်မှ ပုံတော်ထဲမှာ ဂုဏ်တော်ထည့်သွင်းပြီး ကြည်ညိုတတ်မှ တည်ရကျိုးနပ်တာ၊ သဲလည်း မကုန်၊ အုတ်လည်း မကုန်၊ ရေလည်း မကုန်၊ ကျောက်လည်းမကုန်၊ ဘိလပ်မြေလည်း မကုန်ဘဲ တည်တဲ့ နည်းကတော့ သတိပဋ္ဌာန်တရားအားထုတ်တာပဲ၊ သာသနာပိုင်ဖြစ်လို့ရှိရင် ဓမ္မစေတီလေး တည်ပြီးသား ဖြစ်သွားတယ်။

http://www.dhammadownload.com

ပုဂံမြို့က စေတီတွေ တည်ထားတာ "လှည်းဝင်ရိုးသံ၊ တည်ညံ၊ ပုဂံဘုရားပေါင်း" ဆိုတာ သချိုင်္ကနည်းနဲ့ တွက်မယ်ဆိုရင် လေးသန်း လေးသိန်း လေးသောင်း ခြောက်ထောင် ခုနစ်ရာ သုံးဆယ့်သုံးဆူ ရှိတာ အခု ထောင်ဂဏန်းလောက်ပဲ ရှိတော့တယ်၊ မြတ်စွာဘုရား အလိုတော်ကျ တစ်နယ်မှာ တစ်ဆူပဲ တည်ရမယ် မဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား)၊ အသိဉာဏ်မပါဘဲနဲ့ သဒ္ဓါတရားနဲ့ တည်ကြတော့ အဲသလို ဖြစ်ကုန်တာ၊ နှစ်ပေါင်း ကိုးရာကျော် တစ်ထောင်လောက်က တည်ထားတဲ့ဟာတွေ အခု ထောင်ဂဏန်းပဲ ရှိတော့တယ်၊ ဘယ်တော့မှ မပျက်တဲ့ စေတီ၊ သွားလေရာမှာ ပင့်သွားလို့ရတဲ့ စေတီ၊ အုတ်မကုန်၊ သဲမကုန်၊ ရေမကုန်၊ ကျောက်မကုန်၊ ဘိလပ်မြေမကုန်တဲ့ စေတီ တည်နည်းလေးတွေ ရှေးရှေးသော မြတ်စွာဘုရားတွေက သူတို့ကိုယ်တိုင်လည်းပဲ တည်တယ်၊ သတ္တဝါအများကိုလည်း တည်စေတယ်၊ တည်တော့ အေးချမ်းမှု ရသွားတယ် မဟုတ်လား၊ (မှန်ပါတယ်ဘုရား)။

အဲဒီစေတီတွေ အလေးထားပြီး တည်ဖို့ သိပ် အရေးကြီးပါတယ်၊ အခု မိမိတို့ရဲ့ အားကိုးရာဖြစ်တဲ့ ကျေးဇူးရှင် ရွှေဥမင်ဆရာတော်ဘုရားကြီးကလည်း

http://www.dhammadownload.com

မိမိတို့ရဲ့ နှလုံးသားထဲမှာ အချိန်မီ ဓမ္မစေတီတည်ဖို့ ကရဏာထားပြီးတော့ ဟောကြားသွားတာ မဟုတ်ဘူးလား၊ ဓမ္မစေတီတွေ တည်ကြပါ၊ ဓမ္မစေတီတွေ တည်လို့ နှလုံးသားထဲမှာ ဓမ္မတွေ ရောက်လာပြီဆိုရင် အဲဒီ ဓမ္မဟာ သေတဲ့ ဓမ္မ ခေါ်မလား၊ ရှင်တဲ့ ဓမ္မခေါ်မလား၊ (ရှင်တဲ့ ဓမ္မ ခေါ်ပါတယ်ဘုရား)၊ ဓမ္မတွေ ရှင်နေမှာပါ၊ အားထုတ်သလောက် ဓမ္မတွေ ရှင်သန်နေမှာပါ၊ သာသနာဟာ ရှင်သန်နေမှာပါ။

ဆရာတော်ဘုရားကြီး စံလွန်တော်မူ သွားပေမယ့်လို့ ဆရာတော်ဘုရားကြီးရဲ့ အဆုံးအမတွေဟာလက်တွေ့ ကျင့်သုံးတဲ့ ပုဂ္ဂိုလ်ရဲ့ နှလုံးသားထဲမှာ တည်ပြီး အမြဲတမ်း ရှင်သန်နေမှာပါ၊ အဲဒီတော့ ကိုယ့်ဆရာသမားကို ကိုယ် ရိုသေ လေးစားတယ်ဆိုရင် ဒေသနာနည်းနဲ့အညီ ဆရာတော်ဘုရားကြီးက ကရဏာထားပြီး မိန့်ကြားခဲ့တဲ့ တရားတွေကို စေတီမြောက်အောင် နှလုံးသားထဲမှာ ရောက်အောင် ကြိုးစားကြပါ၊ ကြိုးစားလို့ရှိရင် ကြိုးစားသမျှ ဓမ္မဟာ နှလုံးသားထဲမှာ အမြဲတမ်း ရှင်သန်နေမှာပဲ။

ဘုန်းကြီးက အထောက်အထားမဲ့ အလွတ်ပြောတာ မဟုတ်ပါဘူး၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံခါနီး

http://www.dhammadownload.com

အချိန်မှာ အရှင်အာနန္ဒက သူ့ရဲ့ သီတင်းသုံးဖော်ကောင်း အရှင်သာရိပုတ္တရာလည်း စံတော်မူသွားပြီ၊ ပရိနိဗ္ဗာန်စံပြီတဲ့၊ မြတ်စွာဘုရားလည်း မကြာခင် ပရိနိဗ္ဗာန်စံတော်မယ်တဲ့၊ သူ့ရဲ့ အားကိုးစရာတွေလည်း မရှိတော့ဘူးဆိုပြီး စဉ်းစားမိတာနဲ့ တစ်ခါတည်း အကြီးအကျယ်သောကတွေ ဖြစ်တာ၊ ဒီအခါမှာ မြတ်စွာဘုရားက အရှင်အာနန္ဒကို ခေါ်ခိုင်းတယ်၊ ရောက်လာတဲ့ အခါမှာ မြတ်စွာဘုရား အမိန့်ရှိတယ်-

"အာနန္ဒ၊ ချစ်သော သူတို့နဲ့. ကွေကွင်းရခြင်းဆင်းရဲ ဆိုတာက ဒီလိုပဲ ကြုံရတတ်တယ်လို့ ငါဘုရားလည်း ဟောထားပြီပဲ၊ ငါဘုရား စံတော်မူသွားပေမယ့်လို့ ငါဘုရားလေးဆယ့်ငါးဝါပတ်လုံး ကောင်းကျိုးတွေ ဖြစ်ဖို့ ဟောထားတဲ့ ဓမ္မ၊ လက်တွေ့. ကျင့်သုံးတဲ့ ပုဂ္ဂိုလ်ကို ကျင့်သုံးသလောက် အောက်တန်း မကျရအောင် မြှင့်တင်ပေးတဲ့ ဓမ္မ၊ အချုံးတကျ ဖြစ်ဖို့ စည်းကမ်း ဥပဒေ ယဉ်ကျေးမှု ဝိနယတွေဟာ ငါဘုရား ကွယ်လွန်တဲ့ အခါမှာ အဲဒီ ဓမ္မဝိနယခေါ်တဲ့ သာသနာဟာ သင် ချစ်သားတို့ရဲ့ ဆရာ ဘုရားပဲ"တဲ့။

ဒီတော့ သက်တော်ထင်ရှား ဘုရား မရှိပေမယ့်လို့ သက်တော်ထင်ရှား ဘုရားဟောခဲ့တဲ့ တရားတွေဟာ

http://www.dhammadownload.com

အခုထက်ထိ ရှိသေးသလား မရှိဘူးလား၊ (ရှိပါတယ် ဘုရား)၊ ရှိထားတဲ့တရားတွေ ကျင့်နည်းမှန်တွေ ကျင့်လို့ရှိရင် တရားတွေ မရနိုင်ဘူးလား၊ (ရနိုင်ပါတယ် ဘုရား)၊ တရားတွေ နှလုံးသားထဲမှာ ရောက်နေပြီဆိုရင် ဒီတရားဟာ ရှင်တယ် ခေါ်မလား၊ သေတယ်ခေါ်မလား၊ (ရှင်တယ် ခေါ်ရမှာပါဘုရား)၊ ငါဘုရား ပရိနိဗ္ဗာန်စံသွားတဲ့အခါ ငါဘုရား ဟောထားတဲ့ တရားဟာ သင်ချစ်သားတို့ရဲ့ လမ်းညွှန်ဘုရားပဲလို့ ဆိုထားတယ်၊ တရားသည်ပင်လျှင် ဘုရားပဲ။

သက်တော်ထင်ရှား ဘုရားတစ်ဆူတည်း ဟောနေရတာတဲ့၊ ငါဘုရား ပရိနိဗ္ဗာန်စံတဲ့အခါမှာ ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်ဆိုတော့ တရားတစ်ခုမှာ ဘုရားတစ်ဆူကျနဲ့ တွက်မယ်ဆိုရင် ဘုရားအဆူပေါင်း ရှစ်သောင်းလေးထောင် ရှိတယ်၊ ဘယ်လောက် အားရစရာကောင်းသလဲ၊ တရားခေါ်တဲ့ ကျင့်နည်းမှန်နဲ့ လက်တွေ့ကျင့်သုံးလို့ ရရှိခဲ့တဲ့ တရားဟာ နှလုံးသားထဲမှာ ရောက်နေပြီဆိုရင် တရားစေတီ တည်တယ်မည်တယ်၊ တရားစေတီ တည်တယ်ဆိုရင် ဘုရားစေတီလည်း တည်ရာမရောက်ပေဘူးလား၊ (ရောက်ပါတယ် ဘုရား)၊ တရားရှင်သန်အောင် လုပ်တော့ အခု ဒီဘုရား

http://www.dhammadownload.com

လည်း ရှင်သန်နေတယ် မဆိုနိုင်ဘူးလား၊ (ဆိုနိုင်ပါ တယ်ဘုရား)၊ အဲဒါသက်တော်ထင်ရှား ဘုရားခေါ် တယ်။

သက်တော်ထင်ရှားဘုရားကို ဖူးမြင်ချင်ကြလို့ ရှိရင် ဘာလုပ်မလဲ၊ တရားရှင်သန်အောင် လုပ်၊ အခု ရွှေဥမင်ဆရာတော်ဘုရားကြီး စံလွန်တော်မမူခင် မိန့်ကြားသွားတဲ့ တရားတွေ အားထုတ်ကြ၊ ဒီတရားတွေ အားထုတ်လို့ နှလုံးသားထဲမှာ တရားရောက်ပြီဆိုရင် သာသနာပိုင်ဖြစ်ပြီ၊ သာသနာ့ဝိုင် ဖြစ်ပြီဆိုရင်ပဲ နှလုံးသားထဲမှာ ဓမ္မစေတီ တည်ပြီးသား ဖြစ်သွားတယ်၊ ဓမ္မစေတီတည်ပြီးသား ဖြစ်သွားပြီဆိုရင် သက်တော် ထင်ရှား ဘုရားလည်း နှလုံးသားထဲမှာ ကြွရောက်နေပြီ၊ အဲဒါသက်တော်ထင်ရှား ဘုရားကိုးကွယ်တာတဲ့၊ အဲဒီ အနေမျိုးရောက်အောင် လုပ်ဖို့ သိပ်အရေးကြီးပါတယ်။

ဒီဟာနဲ့ ပတ်သက်ပြီး မြတ်စွာဘုရား ပရိနိဗ္ဗာန် စံခါနီးမှာ မိန့်ကြားသွားတဲ့ အချက်ကလေး ရှိပါတယ်၊ ပရိနိဗ္ဗာန်စံတော့မယ် ဆိုတော့ နတ်တွေ လူတွေ ဗြဟ္မာ တွေက နောက်ဆုံးပိတ် ဆိုတဲ့အနေနဲ့ ပူဇော်ကြတာ၊ ဗုဒ္ဓမြတ်စွာက အရှင်အာနန္ဒကို အမိန့်ရှိတယ်- 'ချစ်သား အာနန္ဒ၊ ရဟန်းတွေရော ရဟန်းမတွေရော ဥပါသကာ

http://www.dhammadownload.com

တွေရော ဥပါသိကာမတွေရော ပရိသတ်လေးမျိုးက ငါဘုရားကို ဒီလို အာမိသခေါ်တဲ့ ရုပ်ဝတ္ထုပစ္စည်းတွေနဲ့ ပူဇော်နေတာဟာ တကယ့်ချစ်ခင်လေးစား မြတ်နိုးပူဇော်ပသရာ မရောက်ပါဘူး၊ ငါဘုရား ညွှန်ကြားထားတဲ့အတိုင်း ရဟန်း, ရဟန်းမ, ဥပါသကာ, ဥပါသိကာမ ပရိသတ်လေးမျိုးက ကျင့်သုံးလို့ရှိရင် ငါဘုရားကို တကယ် ရိုသေလေးစား မြတ်နိုးချစ်ခင်ပူဇော်ပသရာ ရောက်တယ်တဲ့။

ကိုယ့်ဆရာသမားကို တကယ့်ကိုယ်ကျင့်တရားစစ်စစ်နဲ့ ပူဇော်လိုလို့ရှိရင် ညွှန်ကြားထားတဲ့အတိုင်း အားထုတ်ဖို့ပါပဲ၊ ဒီနေရာဌာနမှာ ကျမ်းဂန်များက ဖွင့်ဆိုထားပါတယ်-

'မြတ်စွာဘုရားဟာ ပန်းလေးတစ်ပွင့် လှူတာတောင်မှ ကုဋေနဲ့ ချီပြီး အပါယ် မလားဘူးလို့ ဆိုထားတယ်၊ ဒီလောက် ကြီးကြီးကျယ်ကျယ် ပူဇော်တာကို မြတ်စွာဘုရား ဘာဖြစ်လို့ မချီးမွမ်းသတုံး၊ ဘာဖြစ်လို့ ငြင်းပယ်ရသတုံး၊ ငါဘုရားကို ပူဇော်ရာမရောက်ဘူးလို့ ရင့်သီးတဲ့ စကားတွေ ဘာဖြစ်လို့ သုံးရသတုံးတဲ့'၊

အကြောင်းနှစ်ချက် ရှိပါတယ်-

http://www.dhammadownload.com

(၁) နောင်အနာဂတ် ပရိသတ်ကို ချီးမြှောက်ချင်လို့ အနာဂတ် မျိုးဆက်ကောင်းတွေ ဖြစ်စေချင်လို့၊

(၂) မြတ်စွာဘုရား တည်ထောင်ထားတဲ့ သာသနာ အဓွန့်ရှည်စေချင်လို့၊

တကယ်လို့သာ မြတ်စွာဘုရားက ပရိနိဗ္ဗာန်စံခါနီးမှာ ပူဇော်မှုတွေကို ချီးကျူးခဲ့မယ်ဆိုရင် ဘုန်းကြီးတို့ ရဟန်းတော်တွေက အစ ပူဇော်ရန် အချိန်ကျလို့ရှိရင် ရပ်ဝတ္ထုပစ္စည်းနဲ့ ပူဇော်မှုနဲ့ အချိန်ကုန်နေမှာပဲ၊ သီလ သမာဓိ ပညာ အကျင့်တရား ကျင့်သုံးရေးမှာ လစ်ဟင်းပျက်ကွက် မွေ့နေကြမယ်၊ ဘုန်းကြီးတို့ ရဟန်းတော်တွေက အချိန်ကျလာပြီ ဆိုလို့ရှိရင် ဟော-ဘုရားပွဲနီးပြီ၊ ဒကာတို့ လုပ်ကြ၊ မနှစ်ကတော့ ဘယ်လိုပေါ့၊ ဒီနှစ်တော့ သူများထက် သာလွန်အောင် လုပ်ရမယ် စသည်ဖြင့် ဘုရားပွဲတွေသာ လုပ်ကြလိမ့်မယ်၊ အဲဒါနဲ့ အချိန် ကုန်ကြလိမ့်မယ်။

အဲသလို ရပ်ဝတ္ထုပစ္စည်းတွေနဲ့ ပူဇော်ခြင်းဟာ ငါဘုရားကို တကယ် ပူဇော်မှု မမည်၊ ပူဇော်ရာ မရောက်တဲ့၊ စာထဲမှာ ဆိုထားတာ - သီရိလင်္ကာက မဟာစေတီကြီးလို စေတီကြီးတွေ ထောင်ပေါင်းများစွာ တည်၊

http://www.dhammadownload.com

မဟာဝိဟာရကျောင်းကြီးတွေလို ကျောင်းကြီးတွေ ထောင်ပေါင်းများစွာ ဆောက်၊ ငါ့ဘုရားသာသနာကို အဓွန့်ရှည်အောင် မလုပ်နှင့် မဆောင်နှင့်တဲ့၊ တစရက်တာလေး ယာဂု တစ်ကျိုက်သောက်တာလေး တောင်မှ သာသနာ ဆောင်မထားနိုင်ဘူးတဲ့၊ သာသနာ ထိန်းမထားနိုင်ဘူးတဲ့၊ "သာသနာ ဆောင်ထားနိုင်တယ်၊ သာသနာ ထိန်းထားနိုင်တယ်"ဆိုတာ ငါဘုရား ပြောတဲ့အတိုင်း ကျင့်သုံးမှသာ ငါဘုရားသာသနာတော် ကို နောက်ထပ် မျိုးဆက်ကောင်းလေးတွေပဲ မပြတ် ဖြစ်ပြီးတော့ သာသနာလည်း အဓွန့်ရှည်လိမ့်မယ်တဲ့။

သာသနာမျိုးဆက်ကောင်းလေးတွေ ဖြစ်အောင် ဘယ်လိုလုပ်မလဲ၊ ဗုဒ္ဓယဉ်ကျေးမှု ခေါ်တဲ့ သာသနာ အဓွန့်ရှည်အောင် ဘယ်လိုလုပ်မလဲ၊ ဘယ်သူ့အပေါ်မှာ တည်သလဲ၊ ဘုန်းကြီးတို့ ရဟန်းတွေအပေါ်မှာရော ဘိက္ခုနီမ မရှိတော့ သိက္ခာရှင်ခေါ်တဲ့ သီလရှင်တွေအပေါ်မှာရော ဥပါသကာတွေအပေါ်မှာရော ဥပါသိကာမတွေအပေါ်မှာရော တည်တယ်၊ တရားကြားနာရုံသာ ကြားတယ်၊ အားမထုတ်ဘူး၊ အလှူလည်း လှူရုံသာ လှူတယ်၊ သီလလည်း မရှိဘူး၊ သမာဓိလည်း မရှိဘူး၊ ပညာလည်း မရှိဘူးဆိုရင် သာသနာ ဘယ်ရောက်သွားမလဲ၊ သာသနာပိုင် ဖြစ်ပါမလား။

http://www.dhammadownload.com

သာသနာပိုင် မဖြစ်ဘူးဆိုရင် မဖြစ်တဲ့ ပုဂ္ဂိုလ် ဟာ ဘာဖြစ်သတုံး၊ သာသနာ မကွယ်ဘူးလား၊ ကွယ် တာပေါ့၊ တစ်ချိန်မှာ မြတ်စွာဘုရားကို ပုဏ္ဏားတစ် ယောက်က မေးထားတယ်၊ "မြတ်စွာဘုရား ပရိနိဗ္ဗာန်စံ လို့ရှိရင် 'သဒ္ဓမ္မ'ခေါ်တဲ့ သူတော်ကောင်း တရား သာသနာ တာရှည် တည်ခြင်းရဲ့ အကြောင်းက ဘာပါ လဲဘုရား၊ ဆုတ်ယုတ်ခြင်းရဲ့ အကြောင်းက ဘာပါလဲ ဘုရား၊" လို့ (၂)ချက် မေးထားတယ်။

မြတ်စွာဘုရားက ဖြေတယ်- "သတိပဋ္ဌာန် တရားလေးပါးကို ပြည့်စုံကျေနပ် လောက်တဲ့အထိ ပွားလို့ရှိရင် သာသနာ အဓွန့်ရှည်မယ်တဲ့၊ မပွားလို့ရှိရင် သာသနာ မရှည်ဘူး"တဲ့၊ အဲဒါကို အဋ္ဌကထာဆရာက ထောက်ခံချက် ပေးပြီး ဖြေထားပါတယ်၊ ဟုတ်တယ်, မြတ်စွာဘုရား မိန့်ကြားတဲ့အချက်က မှန်တယ်တဲ့၊ 'ယော ဟိ ဗုဒ္ဓေသု ဓရန္တေသုပိ စတ္တာရော သတိပဋ္ဌာနေ နာ ဘာဝေတိ၊ တသ သဒ္ဓမ္မော အန္တရဟိတော နာမ ဟောတိ ဒေဝဒတ္တာဒီနံ ဝိယ'။ (သတိပဋ္ဌာနသံယုတ်၊ သီလဋ္ဌိတိဝဂ်၊ ဋ္ဌ၊ ၂၆၀)။

မြန်မာလိုကတော့ - မည်သည့် ပုဂ္ဂိုလ်မဆို ရှင်ပဲ ဖြစ်ဖြစ် ရဟန်းပဲ ဖြစ်ဖြစ် လူဝတ်ကြောင်ပဲ ဖြစ်ဖြစ်

http://www.dhammadownload.com

ဥပါသကာပဲ ဖြစ်ဖြစ် ဥပါသိကာပဲ ဖြစ်ဖြစ် သတိပဋ္ဌာန်တရားလေးပါး မပွားဘူးဆိုရင် သူရဲ့ သန္တာန်မှာ သဒ္ဓမ္မဓေါတဲ့ သူတော်ကောင်းတရား သာသနာကွယ်ပြီတဲ့။

ဘုန်းကြီး သတိပဋ္ဌာန်တရား မပွားဘူးဆိုရင် ဘုန်းကြီးမှာ သာသနာ ကွယ်တာပဲ၊ ဒကာတစ်ဦးဦး မပွားလို့ရှိရင် ဒကာတစ်ဦးဦးမှာလဲ သာသနာကွယ်တာပဲ၊ ဒီတော့ သတိပဋ္ဌာန်တရား လေးပါး ပွားလို့ရှိရင် သာသနာပိုင်ဘုန်းကြီးဟာ သာသနာကွယ်ဘူးဆိုတဲ့ အဓိပ္ပါယ်ပေါ့၊ သတိပဋ္ဌာန်တရားလေးပါး ပွားလို့ရှိရင် သာသနာ ပိုင်နေတယ်ဆိုတော့ ဒီသာသနာ ဘယ်ရောက်သွားလဲ၊ ကိုယ့်ဆီမှာပဲ ရှိတယ်မဟုတ်လား၊ ကိုယ့်ဆီမှာ ရှိနေရင် သာသနာကွယ်ပါ့မလား၊ မကွယ်ဘူးပေါ့၊ အဲဒီသုတ္တန်လေးက သိပ်ရှင်းပါတယ်။

သတိပဋ္ဌာန်တရားကို ကျေနပ်လောက်အောင် ပွားလို့ရှိရင် ခုန စောစောပိုင်းက ပြောခဲ့တဲ့အတိုင်း သီလသာသနာ သမာဓိသာသနာ ပညာသာသနာ သုံးရပ်စလုံး တည်သွားမှာပေါ့၊ တည်ပြီဆိုရင် မြတ်စွာဘုရား အကြိုက်ဆုံးလည်း ဖြစ်တယ်မဟုတ်လား၊ (မှန်ပါ့ဘုရား)၊ ကိုယ့်သန္တာန်မှာ သာသနာ ပိုင်တဲ့အခါ

http://www.dhammadownload.com

အဲဒီသာသနာ မပျက်တော့ဘူး၊ သာသနာ မျိုးဆက်တွေလည်း မပြတ်တော့ဘူး၊ သာသနာ မျိုးဆက်ကောင်းတွေ ဖြစ်စေချင်လို့ သာသနာ မကွယ်စေချင်လို့ မြတ်စွာဘုရားက နောက်ဆုံး အကြိမ်အကျယ် ပူဇော်မှုကို ငြင်းပယ်ခဲ့တာ၊ အကောင်းဆုံးပူဇော်ခြင်း ပူဇော်မှုကို 'ပရမပူဇာ'လို့ ခေါ်ပါတယ်၊ အမြင့်ဆုံး ပူဇော်ခြင်းနဲ့ ပူဇော်ကြပြီးတော့ နောင်အနာဂတ် သာသနာ မျိုးဆက်ကောင်းလေးတွေ ဖြစ်ရေးအတွက် မြတ်စွာဘုရားကိုယ်တိုင် ရုပ်ဝတ္ထုပစ္စည်းနဲ့ ပူဇော်မှုကို ပယ်ရှားခဲ့တာတဲ့၊ ကိုယ်ကျင့်တရားနဲ့ ပူဇော်မှုကို မြတ်စွာဘုရား မြတ်နိုးတာတဲ့။

အခု စံလွန်တော်မူသွားတဲ့ ရွှေဥမင် ဆရာတော်ဘုရားကြီးလည်းပဲ သူ့တပည့်တွေအပေါ် ဒီလို သဘောရှိနေမှာပါပဲ၊ ဒီသဘောရှိလို့လည်း သာသနာပိုင်ဖြစ်အောင် လုပ်ကြပါတဲ့၊ ဘုန်းကြီး စကားလေး စလာတာ ရွှေဥမင်ဆရာတော်ဘုရားကြီး ဘုန်းကြီးကို အမိန့်ရှိသွားတဲ့ စကားလေးနဲ့ စတာပါ၊ သာသနာပိုင်ဖြစ်အောင် လုပ်ပါတဲ့၊ "ဦးပဏ္ဍိတဟာ တောစခန်းမှာ သာသနာပိုင်ဖြစ်အောင် ပြုလုပ်နေတာ သိပ်ကောင်းတာပဲ" ဆိုပြီး သူချီးကျူးအားပေးတဲ့ စကားလေး အခုထိ ကြားယောင်နေပါတယ်။

http://www.dhammadownload.com

အဲဒီစကားလေးအတိုင်း ကျင့်သုံးတဲ့ ပုဂ္ဂိုလ်များကလည်း ရှေးရှေးက ဆရာတော်ကြီးတွေ မိမိထံ ချဉ်းကပ်လာတဲ့ ရဟန်းတော်တွေကို "မောင်ပဉ္ဇင်းတို့ သာသနာပိုင် ဖြစ်အောင် ကြိုးစားနော်" ဆိုပြီး တိုက်တွန်းတာပါပဲ၊ ဒီဆရာတော်ကြီးထံ လူတွေ လာလို့ရှိရင်လည်း လူတွေကို သာသနာပိုင် ဖြစ်အောင် တိုက်တွန်းမှာပါပဲ၊ တိုက်တွန်းရတာဟာ မြတ်စွာဘုရားအလိုတော်ကျပဲ၊ မြတ်စွာဘုရား အလိုတော်နဲ့အညီ အဆင့်ဆင့် ကျေးဇူးရှင်ဆရာတော်ဘုရားကြီးများ၏ ကိုယ်ရဲ့ နှလုံးသားထဲမှာ ဓမ္မစေတီ တည်သွားပြီးတော့ တပည့်များအား သာသနာပိုင် ဖြစ်အောင် ကြိုးစားကြပါ ဆိုတဲ့ မိန့်မှာချက်အတိုင်း ဘုန်းကြီးတို့တစ်တွေ ကိုယ်ပိုင် သာသနာဖြစ်အောင် ဆုံးမသွန်သင်တဲ့ အချက်တွေကို သေသေချာချာ နာယူပြီးတော့ စိတ်ချနိုင်လောက်တဲ့ အထိ သာသနာပိုင် ဖြစ်အောင် ကြိုးစားနိုင်ကြပါစေလို့ တိုက်တွန်းရင်းနဲ့ ဒီနေ့ တရား ဒီမှာ အဆုံး သတ်လိုက်ပါတယ်။

(သာဓု . . . သာဓု . . . သာဓု)

http://www.dhammadownload.com

ပရိယတ္တိတရားမ
ရွှေတောင်ကုန်းဆရာတော်ကြီး
သာသနာပိုင်ဖြစ်အောင် ကြိုးစားပါ

"သာသနာပိုင် ဖြစ်တယ်" ဆိုတာ
အနည်းဆုံး တစ်မဂ် တစ်ဖိုလ်ရမှ
သာသနာပိုင်တာ၊
မဟုတ်ရင် သာသနာပိုင် မဟုတ်သေးဘူး။
အဲဒီ ဆရာတော်ကြီး ဆိုလိုတာက
အနည်းဆုံး အရိယာဖြစ်အောင်
အားထုတ်ကြပါ၊
သောတာပန်ဖြစ်အောင် အားထုတ်၊
ဒါမှ သာသနာပိုင်မယ်လို့ ဖြစ်တာ။

